


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
## ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၁၅ / ၂၀၂၄ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၄ ခုနှစ်၊ မတ်လ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၀၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ )

# မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၄) တွင် ပြောကြားသည့် အမှာစကား ၇

၂။ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၄)တွင် ပြောကြားသည့်အမှာစကား ၁၂

၃။ (၇၅) နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အခမ်းအနားတွင် ဂုဏ်ပြုပြောကြားသည့်အမှာစကား ၂၁

၄။ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၂၄

၅။ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီ တာဝန်ခံများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၂၉

၆။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် တက်ရောက်ချီးမြှင့်စဉ် ပြောကြားသည့်အမှာစကား ၃၅

၇။ ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍ ဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားသည့် အမှာစကား ၃၉

၈။ ဗုဒ္ဓဘာသာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၄၆

၉။ ၂၀၂၄ ခုနှစ် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ် ပြောကြားသည့် အမှာစကား ၅၁

၁၀။ (၇၅) နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခမ်းအနားတွင် ဂုဏ်ပြုပြောကြားသည့် အမှာစကား ၅၄
၁၁။ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသား အရာရှိကြီးများအား ဗီဒီယိုကွန်ဖရင့်ဖြင့် ပြောကြားသည့် အမှာစကား ၅၈

**သဝဏ်လွှာများ**

၁။ (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၆၃
၂။ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၆၆
၃။ (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၆၉

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၄) တွင် ပြောကြားသည့် အမှာစကား

( ၁ - ၂ - ၂၀၂၄ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၄) ကို ဖေဖော်ဝါရီလ ၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၄)ကို ကျင်းပ၍ ခြောက်လတာကာလအတွင်း နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ရှင်းလင်းတင်ပြခဲ့ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ အရေးပေါ်ကာလသက်တမ်းကို ထပ်မံတိုးမြှင့်ခဲ့ခြင်း ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူချိန် ကာလမှစ၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရာ၌ မဲမသမာမှုများကို ရွေးကောက်ပွဲကော်မရှင်မှ စစ်ဆေးဖော်ထုတ်သွားမည်ဆိုသည့် အချက်ပါဝင်ခဲ့ပြီး တစ်နှစ်ကျော်ကာလအတွင်း ဖော်ထုတ်ပြီးစီးခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲရလဒ်အပေါ် အရေးယူဆောင်ရွက်မှုအပေါ် ကျေနပ်မှုမရှိသူများက သာမန်ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူဆန္ဒပြမှုများ၊ ၎င်းမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုများ၊ မိုင်းခွဲတိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သဖြင့် သာမန်အခြေအနေ ပျက်ယွင်းသွားကြောင်း၊ ထိုသို့ အကြမ်းဖက်တိုက်ခိုက်သည့်နည်းများဖြင့် ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်ခဲ့မည်ဆိုပါက အရေးပေါ်ကာလပြဋ္ဌာန်းမှုမှာ ယခုကဲ့သို့ ကြာမြင့်ခဲ့မည်မဟုတ်ကြောင်း။

**EAO များနှင့်ပတ်သက်၍**

အလားတူ EAO များနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် NCA လက်မှတ်

ရေးထိုးထားသော EAO အဖွဲ့များအနက် KNU မှ သဘောထားတင်းမာသူအချို့၊ CNF နှင့် ABSDF တို့သည် အကြမ်းဖက်လမ်းစဉ်တွင် ပါဝင်ခဲ့ကြောင်း၊ လက်မှတ်ရေးထိုးမထားသည့် အဖွဲ့များထဲမှ KIA အဖွဲ့အနေဖြင့်လည်း နိုင်ငံရေးအရ သဘောထားကွဲလွဲသူများကို အကြမ်းဖက် တိုက်ခိုက်သည့် သင်တန်းများ၊ မိုင်းထောင်ဖောက်ခွဲသည့် သင်တန်းများ သင်ကြားပေးပြီး လက်နက်ခဲယမ်းများ ထောက်ပံ့ပေးခဲ့ကြောင်း၊ KNPP အဖွဲ့အနေဖြင့် ဆူပူအကြမ်းဖက်မှုကို လိုလားသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို အကြမ်းဖက်သင်တန်းများ သင်ကြားပေးခြင်းနှင့် လက်နက်ခဲယမ်းများ ထောက်ပံ့ပေးပြီး အကြောင်းအမျိုးမျိုးပြ၍ တိုက်ကွက်များ ဖော်လာခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းများသည် သာမန်အခြေအနေကို ထိခိုက်စေသည့် လုပ်ဆောင်မှုများဖြစ်ကြောင်း။

ထိုအထဲမှ MNDAA အဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်နေ့တွင် လောက်ကိုင်ဒေသကို အင်အားအလုံးအရင်းဖြင့် Drone များအသုံးပြု၍ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ တရားမဝင်လုပ်ငန်းများ၊ ၎င်းတို့၏ မဟာမိတ်များမှ ထောက်ပံ့မှုများ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများမှ ရရှိခဲ့သည့် ငွေကြေးများဖြင့် အသုံးပြုခဲ့ခြင်းဖြစ်သည်ကိုတွေ့ရကြောင်း၊ ထိုသို့ MNDAA အဖွဲ့၏ တိုက်ခိုက်မှုများ လုပ်ဆောင်နေမှုသည် သာမန်အခြေအနေကို ထိခိုက်စေသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

မိမိတို့၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသော သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ ဦးတည်ချက်များတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ပါဝင်ကြောင်း၊ မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ပြီးစီးပါက ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို လွှဲပြောင်း၍ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ခေါ်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းချိန်တွင် စနစ်တကျဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ လက်ရှိဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုနိုင်ငံရေးအရ ဦးဆောင်မှုပေးရန်ဖြစ်ကြောင်း၊ ထိုသို့ဖွဲ့စည်းဆောင်ရွက်ရာတွင်လည်း တပ်မတော်မှ တာဝန်အရှိဆုံးပုဂ္ဂိုလ်များ၊ တိုင်းရင်းသားနှင့် ဒေသများမှ ကိုယ်စားလှယ်ခေါင်းဆောင်များကို ထည့်သွင်းဖွဲ့စည်းထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်လုပ်နိုင်စွမ်း၊ ဦးဆောင်နိုင်စွမ်းရှိသူများကို ထည့်သွင်းထားခြင်းဖြစ်ကြောင်း။

> မိမိတို့၏ အန္တိမရည်မှန်းချက်မှာ
> လွတ်လပ်၍ တရားမျှတသော သိက္ခာရှိသည့်
> ရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်၊
> ဦးတည်ချက်များတွင် အရေးပေါ်ကာလ
> ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ
> ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရား
> မျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ
> ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်
> အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး
> ဆက်လက်ဆောင်ရွက်သွားမည်
> မိမိတို့ နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း
> များ ဆောင်ရွက်ရန်အတွက် အခြေခံကောင်း
> များရှိပြီးဖြစ်သဖြင့် အကျိုးရှိစွာဖြင့်
> အသုံးချနိုင်ရန်လို၊
> နိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးသားရေး
> ရည်မှန်းချက်များကို မဏ္ဍိုင်ပြု၍ ရှေ့
> လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ဆောင်ရွက်
> လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာ
> ချမှတ်ထားသည့် မူဝါဒများကို
> အောင်မြင်စွာ အကောင်အထည်ဖော်
> ဆောင်ရွက်နိုင်ရန်ဖြစ်။

**မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ရာတွင် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်မှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးမှာ များစွာကျယ်ပြန့်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းပြီး လူတိုင်းအေးချမ်းသာယာစွာဖြင့်လူမှုစီးပွားဘဝများ တိုးတက်အောင်နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး အေးချမ်းစွာ ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍လည်း အားလုံးပြေပြေပြစ်ပြစ်ရှိနေရန်လိုကြောင်း၊သို့မှသာ တိုင်းပြည်သာယာဝပြောမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေးနှင့်ပတ်သက်၍လည်း နိုင်ငံတကာ၏ Food Security အရ မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် နိုင်ငံတစ်ခုဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးသားရေးရည်မှန်းချက်များကို မဏ္ဍိုင်ပြု၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာ ချမှတ်ထားသည့် မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ ပထမအချက်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်ဟုချမှတ်ထားကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများအားမြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ချမှတ်ထားကြောင်း၊ အဓိကအားဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်ဟု ချမှတ်ထားကြောင်း။

**ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့**

စတုတ္ထအချက်မှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဟု ချမှတ်ထားကြောင်း၊ ပြီးခဲ့သည့် ၁၀ နှစ်တာ ကာလအတွင်း ဖြတ်သန်းခဲ့ရသည့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ကဏ္ဍသုံးရပ်ကို ကြည့်ပါက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ပေးအပ်ထားသော်လည်း ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း၊ ဥပမာအားဖြင့် အခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများတွင် လွှတ်တော်တွင်လည်း ပြင်ဆင်ရေးနှင့်ပတ်သက်၍ မှတ်တမ်းသာ တင်နိုင်ခဲ့ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မလုပ်နိုင်ခဲ့ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လက်ရှိဆောင်ရွက်နေသည့် အုပ်ချုပ်မှုပုံစံများတွင် လုပ်ပိုင်ခွင့်များကို ပြည့်ဝစွာ အကောင်အထည် ဖော်နိုင်ရန်လိုကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသော ကဏ္ဍများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေပြဋ္ဌာန်း၍ လုပ်ဆောင်၍ရကြောင်း၊ သို့သော်လည်း ဥပဒေပြဋ္ဌာန်းမှုများကို ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် မိမိတို့လုပ်ပိုင်ခွင့်အလိုက် အပြည့်အဝလုပ်ဆောင်ခြင်းမရှိသည့်အပေါ် အားမလိုအားမရဖြစ်

လာကြပြီး လုပ်ပိုင်ခွင့်များပေးရန် တောင်းဆိုလာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား မိမိတို့လုပ်ပိုင်ခွင့်များအလိုက် ဒေသအကျိုးကို ဖော်ဆောင်ပေးနိုင်သမျှ ဖော်ဆောင်နိုင်ကြောင်းကို အမြဲပြောကြားခဲ့ကြောင်း၊ လုပ်ပိုင်ခွင့်များကို အသုံးချရာတွင်လည်း ဒေသနှင့်ဒေသခံများ၏ အကျိုးကိုသာ ဖော်ဆောင်ပေးရန်ဖြစ်ပြီး လူနည်းစု၏ အကျိုးစီးပွားအတွက် အသုံးချခြင်း မဖြစ်စေရန်လိုကြောင်း၊ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ယခုကဲ့သို့ အကျယ်တဝင့် ရှင်းပြနေရခြင်းမှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတွင် လုပ်ပိုင်ခွင့်များသည် အလွန်အရေးကြီးခြင်းကြောင့်ဖြစ်ပြီး မိမိတို့ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လုပ်ပိုင်ခွင့်များကို တည်ဆောက် ပေးရမည်ဖြစ်ကြောင်း။

ပဉ္စမအချက်အနေဖြင့် မဲပေးခွင့်ရှိသူများအားလုံး၏ အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ဖြစ်မြောက်စေရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ဖြစ်မြောက်စေရေးအတွက် မိမိတို့ အနေဖြင့် အခြေအနေဖန်တီးပေးရမည်ဖြစ်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရမည်၊ မဲစာရင်းများ မှန်ကန်မှုရှိရမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေး ကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များ အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏ မည်သည့် အရပ်ဒေသရှိ မြို့ပြနှင့် ကျေးလက်တွင် နေထိုင်သည် ဖြစ်စေ နိုင်ငံသားတိုင်းသည် အခွင့်အရေးတန်းတူ ရရှိရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲ ပြုလုပ်နိုင်ရေးကို အချိန်ယူ၍ ဆောင်ရွက်နေရခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ရွေးကောက်ပွဲကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်ပတ်သက်၍ မိမိအနေဖြင့် ပြောကြားခဲ့ခြင်း ဖြစ်ပြီး ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် ဒေသများသို့ ရောက်ရှိပါက နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားရန်လိုကြောင်း။

ဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဒီမိုကရေစီ အစိုးရသက်တမ်းနှစ်ခုတွင် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့ပြီးဖြစ်သော်လည်း အခြားပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့် အချက်များလည်း ရှိနေဆဲဖြစ်ကြောင်း၊ ၎င်းအချက်များနှင့် အခြားဆက်စပ်နေသည့် ဥပဒေ၊ ပုဒ်မများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် တိုင်းပြည်အတွက် အရှည်ကို မျှော်တွေး၍ ကြိုတင်စဉ်းစားနိုင်ရန် လိုပါကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးထားခြင်းမရှိသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်၍ ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် လွှတ်တော်သို့ သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီဝင်များက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပေးထားသည့် တိုင်းရင်းသား အခွင့်အရေးများ မှန်မှန်ကန်ကန် ရရှိခံစားနိုင်အောင် ဆောင်ရွက်ပေးရေး၊ လာမည့် ပြည်လုံးကျွတ် လူဦးရေ သန်းခေါင်စာရင်း ကောက်ခံရာတွင် တိုင်းရင်းသားလူမျိုးများ၊ မျိုးနွယ်စုများ၊ အခေါ်အဝေါ်များနှင့် စာရင်းဇယားများ မှန်ကန်အောင် စနစ်တကျစိစစ်ကောက်ခံသွားရေး၊ သဘာဝမြေသြဇာကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သုံးစွဲလာအောင် ပညာပေးစည်းရုံးရေး၊ ရခိုင်ပြည်နယ်အတွင်းရှိ စပါးများ အချိန်မီရိတ်သိမ်းနိုင်ရေး၊ စားသောက်ကုန်ပစ္စည်းများ ပုံမှန်စီးဆင်းရေး၊ ပဋိပက္ခဖြစ်ပွားသည့် ဒေသများမှ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရေး၊ နိုင်ငံ့ဝန်ထမ်းများအား လက်နက်ကိုင်အဖွဲ့အစည်းများက ခြိမ်းခြောက်အကျပ်ကိုင်နေမှု၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွား တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ၏

အခါက စီးပွားရေးမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြစ်ကြောင်း။

တိုင်းပြည်အနာဂတ်အတွက် ပညာရေးကိုလည်း အားပေးမြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာမရှိပါက နိုင်ငံရေး၊ စီးပွားရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်မည်မဟုတ်ကြောင်း၊ မိမိတို့တာဝန်ယူသည့် ကာလအတွင်း နိုင်ငံ့စီးပွားရေး တိုးတက်အောင်နှင့် ပညာသင်ကြားမှု ကောင်းစွာရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း၊ အနာဂတ်ကို ကောင်းမွန်စေလိုပါက ပညာရေးကို ကောင်းအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ပညာရေး အားပေးမြှင့်တင်ရေးကိစ္စရပ်များကို ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၄)တွင် ပြောကြားသည့်အမှာစကား

( ၂ - ၂ - ၂၀၂၄ )






ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၄)ကို ဖေဖော်ဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့အနေဖြင့် ပထမဆုံးအကြိမ် ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစိုးရအဖွဲ့အသစ်အနေဖြင့် စိတ်ဓာတ်အသစ်၊ ခွန်အားအသစ်များဖြင့် တာဝန်ထမ်းဆောင်ကြစေလိုကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ကာလများအတွင်း အပြောင်းအလဲအချို့ရှိခဲ့သော်လည်း ချမှတ်ထားသည့် မူဝါဒများပြောင်းလဲမှုမရှိဘဲ ဆောင်ရွက်ခဲ့ရာ အခက်အခဲအကျပ်အတည်းများကြားမှ အတိုင်းအတာတစ်ခုအထိ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် မှတ်တမ်းတင်ကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သည့် ရှိပြီးသား အခြေခံကောင်းများကို အသုံးချ၍ လာမည့်ကာလများအတွင်း မိမိတို့၏ မျှော်မှန်းချက်များ ယခုထက် ပိုမိုတိုးတက်အောင်မြင်စေရေး ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍ

တို့၌ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် အခြေခံအားဖြင့် ဆောင်ရွက်ရန်တာဝန်ရှိကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူတစ်ဦးချင်းစီ၏ ကြိုးပမ်းမှုအပေါ်တွင်မူတည်သော်လည်း ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အစိုးရအဖွဲ့မှ ဦးအောင်လှ ဖန်တီးပုံဖော် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီအစိုးရများတွင် အစိုးရများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း။

မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်သော်လည်း နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ချိန်တွင် နိုင်ငံ့စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် နိုင်ငံရေးအရအားနည်းချက်များရှိခဲ့ခြင်းကြောင့် နိုင်ငံ၏ အခြေအနေကိုဝင်ရောက်ထိန်းသိမ်း ဆောင်ရွက်ပေးနေရခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအားနည်းချက်မှာ မသမာမှုရှိသည့် မဲရလဒ်များဖြင့် နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်းဖြင့်ရယူနိုင်ရေး ဆောင်ရွက်ခဲ့ပြီး မရိုးသားသည့်နည်းဖြင့် ဒီမိုကရေစီကို ပုံဖော်ခဲ့သည့် ကိစ္စဖြစ်ကြောင်း၊ သန့်ရှင်းသည့်နိုင်ငံရေး၊ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်၊ စစ်မှန်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ် အုပ်ချုပ်ရေးစနစ်ရှိသည့် ပြည်ထောင်စုတစ်ရပ် ဖြစ်စေရေး မိမိတို့အနေဖြင့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားများ အားကောင်းရန်လိုအပ်**

နိုင်ငံတစ်ခု တိုးတက်စေရန်အတွက် မောင်းနှင်အားများဖြစ်သည့် နိုင်ငံရေးအား၊ စီးပွားရေးအားနှင့် ကာကွယ်ရေးအားများ ကောင်းမွန်နေရန်လိုကြောင်း၊ နိုင်ငံရေးအားကောင်းမွန်ရန်အတွက် မှန်မှန်ကန်ကန် ဦးဆောင်နိုင်သူများက မှန်ကန်သည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် စနစ်တကျ မှန်ကန်စွာဖြင့် ဦးဆောင်နိုင်မည်ဆိုပါက တည်ငြိမ်အေးချမ်းပြီး နိုင်ငံစည်းလုံးညီညွတ်နေမည်ဖြစ်ကြောင်း၊ စီးပွားရေးအရ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံအတွင်း နေထိုင်ကြသူအားလုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်းချမ်းသာကြွယ်ဝပြီး နိုင်ငံ့စီးပွား ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အူမတောင့်မှ သီလစောင့်မည်ဆိုသည့်အတိုင်း စီးပွားရေးအား ကောင်းမွန်မှသာ နိုင်ငံ၏ကာကွယ်ရေးအားသည်လည်း ကောင်းမွန်မည်ဖြစ်ကြောင်း။

**ထိရောက်သည့် ကာကွယ်ရေးစွမ်းပကားနှင့် တရားဥပဒေစိုးမိုးရေးယန္တရား တည်ဆောက်ရန်လိုအပ်**

ကာကွယ်ရေးစွမ်းပကား ကောင်းမွန်စေရန်အတွက် လိုအပ်ချက်များကို ငွေကြေးများအသုံးပြု၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်အတွင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်သားများက တာဝန်ထမ်းဆောင်လျက်ရှိပြီး တွဲဖက်အင်အားအဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ထမ်းဆောင်လျက်ရှိပြီး အားလုံးက စွန့်စွန့်စားစားဖြင့် အသက်သွေးချွေးများပေးဆပ်၍ တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ၎င်းတို့ကို တတ်နိုင်သမျှ အသိအမှတ်ပြုချီးမြှင့်အားပေး ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရတစ်ခုတည်းကသာမက အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ၎င်းတို့အနေဖြင့် အစိုးရကို ကာကွယ်နေခြင်းမဟုတ်ဘဲ နိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်

> စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်
> ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို
> မိမိတို့အနေဖြင့် ပထမဦးစားပေး
> ဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေး
> လုပ်ငန်းသည် MSME လုပ်ငန်းများ ဖွံ့ဖြိုး
> တိုးတက်ရေးပင်ဖြစ်၊
> ဝေးလံခေါင်ဖျားသည့် နယ်စွန်နယ်ဖျားများ၌
> သွားရောက်တာဝန် ထမ်းဆောင်နေရသည့်
> ပညာရေးဝန်ထမ်းများကိုလည်း လေးစား
> တန်ဖိုးထားရန်လိုပြီး အစိုးရသာမက ဒေသ
> အလိုက် တာဝန်ရှိသူများကလည်း
> လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်
> ပေးရန်လို။

နေခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်နေခြင်းသည် တစ်နိုင်ငံလုံး တရားဥပဒေစိုးမိုးရေးအတွက် ဖြစ်ကြောင်း၊ ၎င်းတို့၏ တာဝန်ထမ်းဆောင်လိုစိတ်များ ရှိအောင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ တိုးတက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကာကွယ်ရေးနှင့်ပတ်သက်၍ စွမ်းရည်ရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့် ကာကွယ်ရေးဟု နှစ်ခုရှိကြောင်း၊ စွမ်းရည်ရှိရန်အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စွမ်းအားရှိရန်အတွက် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လိုကြောင်း၊ ခေတ်စနစ်နှင့်ကိုက်ညီသည့် ပစ္စည်းများကို အသုံးပြုနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့် ကာကွယ်ရေးဖြစ်စေရန်အတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ၏ အင်အားမှာ နိုင်ငံနှင့်ကိုက်ညီသည့် အင်အားရှိနေရန်လိုပြီး အရည်အချင်း ပြည့်ဝသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ ပြည်သူများက ယုံကြည်အားကိုးသည့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်ရန်လည်းလိုပြီး ပြည်သူများနှင့် တစ်သားတည်းဖြစ်သည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ဥပဒေကို နားလည်ပြီး အသိတရားဖြင့် ဥပဒေကို လိုက်နာရန်လိုကြောင်း၊ ထိုသို့နားလည်ရန်အတွက် အတန်းပညာများ တတ်မြောက်ရန်လိုအပ်သဖြင့် မိမိတို့အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံအတွင်း၌ ထုတ်ကုန်များ ထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ပို့ကုန်များ နည်းပါးလျက်ရှိသဖြင့် နိုင်ငံခြားငွေသုံးစွဲမှု မူဝါဒကို ပြောင်းလဲပြင်ဆင်ပေးခဲ့ရာ ပို့ကုန်များ တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ပို့ကုန်များ တိုးမြှင့်ခြင်းကြောင့် ပြည်တွင်းလိုအပ်ချက်များ မဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် စီးပွားရေးမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ပေးရန် ပြည်ထောင်စုဝန်ကြီးဌာနများက ဦးဆောင်မှုပေးရန် လိုအပ်သကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

ကျန်းမာရေးကောင်းမွန်မှသာလျှင် ပညာရေး၊ လူမှုရေး၊ စီးပွားရေး ကောင်းမွန်အောင် ဆောင်ရွက်နိုင်စွမ်း ရှိမည်ဖြစ်၍ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများကို အားပေးရမည်၊ စောင့်ရှောက်ပေးရမည်ဖြစ်ပြီး ဆေးရုံများ သန့်ရှင်းသာယာလှပရေးနှင့် အဆောက်အအုံများ ပြည့်စုံကောင်းမွန်ရေး၊ ဆေးဝါးအထောက်အကူပြု ပစ္စည်းများ ပြည့်စုံစေရေးတို့အတွက် တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိ၊ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ကိုယ်ချင်းစာတရားဖြင့် သာတူညီမျှအုပ်ချုပ်ကြရန်လို၊ ဝန်ထမ်းများအား ရာထူးနှင့်ပတ်သက်၍ တိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မျှတမှုရှိအောင် ဆောင်ရွက်ကြရန်လို၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းထားသည့်၊ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုပြီး တိုင်းပြည်အကျိုးကို ဖော်ဆောင်ပေးနိုင်ရေး စဉ်းစားဆွေးနွေးဆောင်ရွက်ကြရန်လို။

မိမိတို့အနေဖြင့် စီးပွားရေး မောင်းနှင်အားများ ကောင်းမွန်နေရန်လိုကြောင်း၊ နိုင်ငံ၏ အဓိက ထုတ်ကုန်မှာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြစ်သဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ်တွင် များစွာမူတည်နေကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အထူးအလေးပေး ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ဆောင်ရွက်နေသူများအနေဖြင့် Skill Labour များဖြစ်စေရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ စားသုံးမှုတွင် ဆီနှင့် နို့ထွက်ပစ္စည်းများရှိပြီး ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေ များစွာသုံးစွဲနေရကြောင်း၊ ပြည်တွင်း၌ ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် မြေနေရာများ များစွာရှိသဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဆီထွက်သီးနှံများတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး အထူးအလေးပေး ဆောင်ရွက်ကြစေလိုကြောင်း၊ နို့ထွက်ပစ္စည်းများကိုလည်း ပြည်တွင်း၌ ယခုထက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံတွင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် ရေခံမြေခံကောင်းများရှိခြင်းကြောင့် ထုတ်လုပ်မှုများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျလာမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျသွားမည်ဆိုပါက ပြည်တွင်း ငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်ကာ နိုင်ငံ့စီးပွား မြင့်မားလာမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံ့စီးပွား မြင့်မားတိုးတက်လာမည်ဆိုပါက ပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများ တိုးတက် မြင့်မားလာမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေသည့် ပြည်သူများ အသိပညာ၊ အတတ်ပညာများရရှိအောင် ဝန်ကြီးဌာနများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အလားတူ ကုန်ထုတ်လုပ်ငန်းအတွက် လိုအပ်သည့် ကုန်ထုတ်လမ်းများနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေး၊ အလုပ်အကိုင်များရရှိရေး၊ အသိပညာများ ရရှိရေးနှင့် တရားဥပဒေ စိုးမိုးမှုရှိစေရေးအတွက် ဝန်ကြီးဌာနများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ကျေးလက်နေပြည်သူများ၏ အလုပ်လုပ်နိုင်စွမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်စေရေး ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**MSME လုပ်ငန်းများမှ အရေအတွက်ထက် အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများသည် အရေးကြီးပြီး မိမိတို့နိုင်ငံအတွက်သာမက နိုင်ငံတကာတွင်လည်း MSME လုပ်ငန်းများသည် အရေးပါသည့် အခန်းကဏ္ဍ၌ ရှိနေကြောင်း၊ အိမ်တွင်းစက်မှုအသေးစားလုပ်ငန်းများမှသည် အလတ်စားကုန်ထုတ်လုပ်ငန်းများအထိ ဆောင်ရွက်နေကြကြောင်း၊ စက်မှုနိုင်ငံကြီးများသည်ပင်လျှင် MSME လုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတွင် အခရာကျသည့်နေရာ၌ရှိပြီး အရေအတွက်မဟုတ်ဘဲ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်သည် အထိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရည်မြင့်မားသူများဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ ခေတ်စနစ်နှင့် လျော်ညီသည့် နည်းပညာများကို အကျိုးရှိရှိ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း၊

အတတ်ပညာ၊ အသိပညာပြည့်စုံသည့် လူသားအရင်းအမြစ်များ၊ ခေတ်မီနည်းပညာများ စသည့် နယ်ပယ်တို့ကို ပေါင်းစပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းကို ရှာကြံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ကြမ်းများ၊ သွင်းအားစုများ ပြည့်မီစွာ ရရှိရေးပင်ဖြစ်ကြောင်း၊ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် သေချာသည့် ကုန်ထုတ်လုပ်ငန်းပင်ဖြစ်သဖြင့် ကုန်ကြမ်းများကို နည်းပညာများ အသုံးပြု၍ အရည်အသွေး ကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ကုန်ကြမ်းသာမက အခြားလိုအပ်သည့် သွင်းအားစုများ၊ အရင်းအနှီးများ ရရှိရေးအတွက်လည်း ဖန်တီးပေးနိုင်ရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ အနေဖြင့် ပထမဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဒုတိယ ဦးစားပေး လုပ်ငန်းသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပင်ဖြစ်ကြောင်း။

**ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ အားပေးမြှင့်တင်ရေး**

မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် အသိပညာ၊ အတတ်ပညာ ပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ပညာရေးမြှင့်တင်မှုနှင့် ပတ်သက်၍ အနည်းဆုံး အလယ်တန်းပညာအဆင့် KG+9 အထိ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး အခြားလိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်စေရေးအတွက် ပညာရေးဝန်ထမ်းများကို ချီးမြှင့်မြှောက်စားခြင်း၊ စားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့၏ အရည်အသွေးများ မြှင့်တင်ပေးခြင်းတို့ဖြင့် မြှင့်တင်ဆောင်ရွက်နေကြောင်း၊ ဝေးလံခေါင်ဖျားသည့် နယ်စွန်နယ်ဖျားများ၌ သွားရောက်တာဝန် ထမ်းဆောင်နေရသည့် ပညာရေးဝန်ထမ်းများကိုလည်း လေးစားတန်ဖိုးထားရန်လိုပြီး အစိုးရသာမက ဒေသအလိုက် တာဝန်ရှိသူများကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ၎င်းတို့သည် နိုင်ငံ့အနာဂတ်အတွက် အရေးကြီးသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး တာဝန်ကျရာ နေရာဒေသအသီးသီးသို့ အခက်အခဲအမျိုးမျိုးကြားမှ သွားရောက်တာဝန်ထမ်းဆောင်နေရခြင်းဖြစ်သည့် အတွက် မိမိတို့အနေဖြင့် လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်းဖြင့် ပညာရေးကဏ္ဍကို မြှင့်တင်ပေးရမည် ဖြစ်ကြောင်း၊ နိုင်ငံ့ပညာရေး မြှင့်တင်မှုနှင့် ပတ်သက်လာပါက အပေါ်ယံမကြည့်ဘဲ လေးလေးနက်နက် စဉ်းစား၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အလားတူ ပညာရေးကို အထောက်အကူပြုနေသည့် အခြားလုပ်ငန်းရပ်တစ်ခုဖြစ်သည့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးနှင့်ပတ်သက်၍လည်း အလေးပေးဆောင်ရွက်သွားရမည်ဖြစ်ပြီး ကျန်းမာရေးကောင်းမွန်မှသာလျှင် ပညာရေး၊ လူမှုရေး၊ စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများကိုအားပေးရမည်၊ စောင့်ရှောက်ပေးရမည်ဖြစ်ပြီး ဆေးရုံများ သန့်ရှင်းသာယာလှပရေးနှင့် အဆောက်အအုံများ ပြည့်စုံကောင်းမွန်ရေး၊ ဆေးဝါး အထောက်အကူပြု ပစ္စည်းများ ပြည့်စုံစေရေးတို့အတွက် တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိပြီး ထပ်မံ၍လည်း လိုအပ်သည်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်ပါက လိုအပ်သည်များ အားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

လက်ရှိအချိန်တွင် အစိုးရအဖွဲ့အတွင်း၌ တာဝန်ပေးခန့်အပ်ထားသည့် ပြည်ထောင်စုဝန်ကြီးအများစုမှာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ အများစု ပါဝင်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ကိုယ်ချင်းစာတရားဖြင့် သာတူညီမျှ အုပ်ချုပ်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအား ရာထူးနှင့် ပတ်သက်၍ တိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ မျှတမှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့်

သက်ဆိုင်ရာဌာနများအလိုက် တာဝန်ထမ်းဆောင်မှုများ ကျေပွန်အောင် ထမ်းဆောင်နိုင်ရန်နှင့် ဌာနအတွင်း မျှတမှုများရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးများနှင့် အဆင့်ဆင့်တာဝန်ရှိသူများ အနေဖြင့် ဝန်ထမ်းများအပေါ် သာတူညီမျှ ကွပ်ကဲအုပ်ချုပ်ကြရန်လိုပြီး အမြဲမပြတ်ထိတွေ့ ဆက်ဆံကာ ၎င်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ကိုယ်ရေးကိုယ်တာ အခက်အခဲများကို သိရှိအောင် ဆောင်ရွက်ကာ တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးများကိုလည်း မြှင့်တင်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည့် ကွပ်ကဲကြပ်မတ်မှုများလည်း ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် လိုအပ်သည့် လမ်းညွှန်မှုများကိုလည်း ပေးနိုင်ရမည်ဖြစ်ပြီး မသွားသင့်သည့်နေရာကို မသွားရန်၊ မပေါင်းသင့်သည့်သူကို မပေါင်းရန်၊ မပြောသင့်သည့်စကားကို မပြောရန်၊ မလုပ်သင့်သည့်အလုပ်ကို မလုပ်ရန် စသည်ဖြင့် လမ်းကြောင်းမှန်ကို ပြသပေးနိုင်ရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့ဝန်ထမ်းများအား လမ်းကြောင်းမှန်ကို တည့်မတ်ပေးခြင်းသည် နိုင်ငံ့အကျိုးကို ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်**သည့်အတွက် ဝန်ကြီးဌာနများအနေဖြင့်လည်း စဉ်းစားချင့်ချိန်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များအား ထိရောက်စွာအသုံးချ**

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာတွင် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ဖက်ဒရယ်ဟူသည့် စကားရပ်ကို သိရှိရန်လိုပြီး ဖက်ဒရယ်ဟူသည်မှာ လုပ်ပိုင်ခွင့်များကို တာဝန်ခွဲဝေပေးခြင်းဖြစ်ပြီး ပေါင်းစည်းခြင်း၊ သဟဇာတဖြစ်ခြင်းပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသောကဏ္ဍများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေပြဋ္ဌာန်းပြီး လုပ်ဆောင်၍ရသည်များရှိကြောင်း၊ ဥပဒေမထုတ်ပြန်နိုင်သေးပါက ပြည်ထောင်စုမှ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လုပ်ဆောင်ပေး၍ရကြောင်း၊ ထိုကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်တွင် လုပ်နိုင်သည့် လုပ်ပိုင်ခွင့်များကို လုပ်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ဖက်ဒရယ်အပေါ်တွင်ယုံကြည်မှုများလျော့နည်းလာခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းထားသည့်၊ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုပြီး တိုင်းပြည်အကျိုးကို ဖော်ဆောင်ပေးနိုင်ရေး စဉ်းစားဆွေးနွေးဆောင်ရွက်ကြရန်လိုကြောင်း။

**အခြေခံပညာကျောင်းများ၏ စာမေးပွဲများအောင်မြင်စွာကျင်းပနိုင်ရေး**

မကြာမီတွင် အခြေခံပညာကျောင်းများ စာမေးပွဲဖြေဆိုကြတော့မည်ဖြစ်ပြီး ကျောင်းတက်နေသည့်ကလေးများအားလုံး ကျောင်းမပျက်မကွက် တက်ရောက်နိုင်ရေး၊

**တိုင်းပြည်တစ်ပြည်တိုးတက်ရေးအတွက် အစိုးရမှ ဦးဆောင်ရမည်မှာ မှန်သော်လည်း ပြည်သူလူထုတစ်ရပ်လုံးမှ စုပေါင်းအားဖြင့် ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းနိုင်မည်ဖြစ်၊ ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြု လုပ်ငန်းများ ပြည်သူလူထု စုပေါင်းအားများဖြင့် ဆောင်ရွက်နိုင်ရေး မိမိတို့အစိုးရအနေဖြင့် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်၊ နိုင်ငံတော်ဘဏ္ဍာငွေများကို အကျိုးရှိစွာဖြင့် အသုံးချရန်လို၊ ပကာသနများနှင့် For Show များကို ဦးစားမပေးဘဲ ထိရောက်အကျိုးရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ကြရန်လို၊ အခွန်အကောက်များ အပြည့်အဝရရှိမှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်။**

စာမေးပွဲကို ချောမွေ့စွာ ပြီးစီးနိုင်ရေး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ အပါအဝင် အုပ်ချုပ်ရေးအဆင့်ဆင့်မှ တာဝန်ရှိသူများ အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လို ကြောင်း။

လက်ရှိကာလတွင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုသို့ ရောက်ရှိလာနေပြီဖြစ်သည့်အတွက် ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများ၌ မီးဘေးအန္တရာယ် ကာကွယ်ရေး လုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တစ်ဖက်တွင်လည်း မိမိတို့၏ နေအိမ်များ၊ လမ်းများ၊ ရပ်ကွက်၊ ကျေးရွာများ၊ ကျောင်းများသန့်ရှင်း သပ်ရပ်မှုရှိစေရေး၊ သာယာလှပမှုရှိစေရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မကြာမီတွင် နွေရာသီကျောင်းပိတ်ရက်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ခရီးသွားကာလ စတင်တော့မည်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသနှင့်ပတ်ဝန်းကျင် မျက်စိပသာဒရှိစေရေး၊ စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ခရီးသွားလုပ်ငန်းကို အားပေးဆောင်ရွက်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ဒေသအလိုက် နေထိုင်သူများ၊ တာဝန်ရှိသူများအားလုံး အတူတကွ ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ခရီးသွားလုပ်ငန်းဆောင်ရွက်ရာတွင် နေရာဒေသအလိုက် မိမိတို့ဒေသသို့ လာရောက်ကြသူများအား စနစ်ကျနပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမှုရှိသည့် နေထိုင်စားသောက်မှုဝန်ဆောင်မှုကို ပေးနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

တစ်ဆက်တည်းတွင် နွေရာသီကာလသို့ရောက်ရှိသည့် အချိန်တိုင်း ဖြစ်လေ့ဖြစ်ထရှိသည့် ရေရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်ထားကြရန်လိုကြောင်း၊ သောက်သုံးရေများ ဖူလုံစွာရရှိရေး၊ ချောင်း၊ မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် လိုအပ်သည်များကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားကြရန်လိုပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးသည် စည်ပင်သာယာမှ တာဝန်ရှိသူများဖြင့်သာ ဆောင်ရွက်သည်နှင့် လုံလောက်မည်မဟုတ်ဘဲ ရပ်ရွာလူထုမှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **တိုင်းပြည်တစ်ပြည်တိုးတက်ရေးအတွက် အစိုးရမှ ဦးဆောင်ရမည်မှာ မှန်သော်လည်း ပြည်သူလူထုတစ်ရပ်လုံးမှ စုပေါင်းအားဖြင့် ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းနိုင်မည်ဖြစ်**ကြောင်း၊ ပြည်သူ့အကျိုးပြု တိုင်းပြည်အကျိုးပြုလုပ်ငန်းများ ပြည်သူလူထုစုပေါင်းအားများဖြင့် ဆောင်ရွက်နိုင်ရေး မိမိတို့အစိုးရအနေဖြင့် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက နှစ်အလိုက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းအခြေအနေ၊ ရငွေနှင့်သုံးငွေအချိုး၊ လိုငွေနှင့် ဂျီဒီပီအချိုး၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားအသိအမှတ်ပြုကတ်ပြားရရှိရေး ဆောင်ရွက်ပေးမှု၊ မဲစာရင်းကောက်ယူရေး လုပ်ငန်းများ ဆောင်ရွက်မှု၊ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ နှစ်အလိုက် လယ်ယာကဏ္ဍတိုးတက်မှုနှင့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများ ပြည့်မီအောင် အကောင်အထည်ဖော်နေမှု၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးလာရေး အားပေးဆောင်ရွက်နေမှု၊ နှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်အမျိုးအစားအလိုက် တန်ဖိုးမြင့်ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာ စာမေးပွဲများကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ နှစ်အလိုက် ပို့ကုန်/သွင်းကုန် အခြေအနေ၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိမှုနှင့် အားကစားကဏ္ဍမြင့်မားရေး အားပေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ပြောကြားရာတွင် နိုင်ငံတော်ဘဏ္ဍာငွေများကို အကျိုးရှိစွာဖြင့် အသုံးချရန် လိုကြောင်း၊ ပကာသနများနှင့် For Show များကို ဦးစား

မပေးဘဲ ထိရောက်အကျိုးရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အခွန်အကောက်များ အပြည့်အဝရရှိမှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် သက်ဆိုင်သည့်ဌာနများအနေဖြင့် စနစ်တကျ ပြည့်ဝစွာ ကောက်ခံရရှိအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် ထုတ်ပေးထားသည့် မော်တော်ယာဉ်များနှင့် စက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို စနစ်တကျဖြင့် ထိန်းသိမ်းသုံးစွဲကြရန်လိုကြောင်း၊ လိုအပ်ချက်အရဝန်ထမ်းများ ခန့်အပ်ရာတွင်လည်း အမှန်တကယ်လိုအပ်သည့် ဝန်ထမ်းအင်အားကိုသာ ခန့်အပ်ရန်လိုကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ဧက တိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင်သာ အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းသည် အကျိုးအရှိဆုံးပင်ဖြစ်ကြောင်း၊ ပြည်ပသို့ တင်ပို့နိုင်သည့် ဈေးကွက်သေချာသော သီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့ပြည်သူများ၏ ကြံ့ခိုင်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် စားသောက်မှုပုံစံကိုလည်း ပြောင်းလဲရန်လိုပြီး ဆန်စားသုံးမှုနှင့်အတူ ဂျုံကိုပါ တွဲဖက်စားသုံးသည့် အလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ဂျုံစိုက်ပျိုး၍ရသည့် ဒေသများ၌လည်း ဂျုံစိုက်ပျိုးမှုများ တိုးတက်စေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်ပြီး စံနှုန်းသတ်မှတ်ချက်အရ ၁၀ နှစ်လျှင် တစ်ကြိမ်ကောက်ယူရန်မှာ အစိုးရတစ်ရပ်အနေဖြင့် တာဝန်ရှိကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုမှ ရရှိလာသည့် အချက်အလက်များအပေါ် မူတည်၍ နိုင်ငံတော်အတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို မှန်မှန်ကန်ကန် ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိရေးအတွက်ကိုသာမကဘဲ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ရရှိရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၊ လုံခြုံရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းသည် မိမိတို့

လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ဧက တိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင်သာ အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းသည် အကျိုးအရှိဆုံးပင် ဖြစ်ကြောင်း၊ ပြည်ပသို့ တင်ပို့နိုင်သည့် ဈေးကွက်သေချာသော သီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့ ပြည်သူများ၏ ကြံ့ခိုင်မှုများ ပိုမိုကောင်းမွန် စေရေးအတွက် စားသောက်မှုပုံစံကိုလည်း ပြောင်းလဲရန်လိုပြီး ဆန်စားသုံးမှုနှင့်အတူ ဂျုံကိုပါ တွဲဖက်စားသုံးသည့် အလေ့အကျင့် ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ဂျုံစိုက်ပျိုး၍ရသည့် ဒေသ များ၌လည်း ဂျုံစိုက်ပျိုးမှုများ တိုးတက်စေ ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း။

အတွက် အရေးကြီးသည့် လုပ်ငန်းများပင်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍လည်း နိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံနိုင်သည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အားပေးဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေးလည်ပတ်မှုများ အားကောင်းလာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍လည်း ပြည်ပသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေခြင်းများရှိကြောင်း၊ ထိုသို့သွားရောက်ရခြင်းကြောင့် ပြည်ပသုံးစွဲငွေများရှိသကဲ့သို့ အခြား

အခက်အခဲများလည်းရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ အားကစား ကဏ္ဍမြင့်မားရေးအတွက်လည်း အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြား ရာတွင် ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများ၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် မိမိ တို့၏တာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့အပေါ် အခြေခံ၍ မိမိတို့ တာဝန်ယူထားရသည့် နယ်ပယ်အလိုက် လုပ်ငန်းရပ်များ တိုးတက်အောင်မြင် စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတာဝန် ယူထားသည့် နယ်ပယ်အကြောင်း၊ လက်အောက် ဝန်ထမ်းများ၏အကြောင်း၊ မြေပြင်အခြေအနေ အကြောင်းကို ခြေခြေမြစ်မြစ်သိရှိထားရန်လိုကြောင်း၊ ထို့ကြောင့် ဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာ နယ်ပယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်မှု ရှိစေရေးအတွက် မဟာဗျူဟာစီမံချက်များ အကောင် အထည်ဖော် ချမှတ်ရာတွင် အထောက်အကူရရှိစေရေး နယ်ပယ်အလိုက် စဉ်ဆက်မပြတ် လေ့လာနေရမည်ဖြစ် ကြောင်း။

အချို့သောဒေသများသည်ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့သည်ပြည်ထောင်စု ဖြစ်သည့်အတွက် ၎င်းတို့ဒေသများကိုလည်း ချန်လှပ် ထား၍ရမည်မဟုတ်ဘဲ ၎င်းတို့ဒေသနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ပေးနိုင်ရမည်ဖြစ် ကြောင်း။

ပို့ကုန်နှင့်ပတ်သက်၍ ကုန်သွယ်မှုတွင် သတ်မှတ် ထားသည့်အတိုင်း တင်ပို့နိုင်မည်ဆိုပါက ကုန်သွယ်မှုလိုငွေ လျော့ကျလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် များအနေဖြင့် ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ အမှန်တကယ် အလုပ်လုပ်ကြမည် ဆိုပါက လုပ်ငန်းရပ်များအားလုံး အောင်မြင်နိုင်မည်ဖြစ် သည်ဟု ယုံကြည်ပါကြောင်းနှင့် မိမိတို့ တာဝန်ယူထား ရသည့် ကဏ္ဍအလိုက် အင်ပြည့်အားပြည့်ဖြင့် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# (၇၅) နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အခမ်းအနားတွင် ဂုဏ်ပြုပြောကြားသည့် အမှာစကား

( ၃ - ၂ - ၂၀၂၄ )






(၇၅) နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အခမ်းအနားကို ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ (၇၅) နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အငြိမ်းစား အမြောက်တပ်ဖွဲ့ဝင်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က (၇၅) နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် တပ်မတော်၏ အဓိကလက်ရုံးတပ်ဖွဲ့တစ်ခုဖြစ်သည့် အမြောက်တပ်ဖွဲ့၏ သက်တမ်း (၇၅) နှစ်ပြည့်မြောက်သည့် စိန်ရတုနှစ်ပတ်လည်နေ့ အခါသမယပင်ဖြစ်ကြောင်း၊ အမြောက်တပ်ဖွဲ့ဝင်များအနေဖြင့် စတင်တည်ထောင်ချိန်မှ ယနေ့ကာလအထိ နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်လာသည့် တာဝန်များအပေါ် "ရွှေ့ပြောင်း၊ ပစ်ခတ်၊ ဆက်သွယ်" ဆိုသည့် အမြောက်တပ်ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးကျေပွန်အောင် စွမ်းဆောင်ခဲ့ကြသည့်အတွက် အသိအမှတ်ပြု ဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

အမြောက်တပ်ဖွဲ့၏သမိုင်းကြောင်းကိုလေ့လာကြည့်မည်ဆိုပါက ဗမာ့ကာကွယ်ရေး တပ်မတော်ကာလတွင် အမြောက်တပ်ဖွဲ့ ဖွဲ့စည်းရန် ရည်ရွယ်ပြီး ၁၉၄၆ ခုနှစ် မေလတွင် အမှတ် (၁) မြေပြင်ပစ် အမြောက်တပ် (No(1) Field Artillery) အဖြစ် စတင်ဖွဲ့စည်းခဲ့သည်ကို တွေ့ရကြောင်း၊ အဆိုပါအချိန်သည် လွတ်လပ်ရေး မရမီကာလဖြစ်ပြီး လွတ်လပ်စွာ စီမံပိုင်ခွင့်မရှိသေးခြင်းကြောင့်

အမှတ် (၁) မြေပြင်ပစ် အမြောက်တပ်ကို ၁၉၄၇ ခုနှစ် အောက်တိုဘာလတွင် အမှတ် (၆) ဗမာ့သေနတ်ကိုင်တပ်ရင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရသည်ကို တွေ့ရကြောင်း။

၁၉၄၈ ခုနှစ် မတ်လတွင် ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုသွားခြင်းနှင့်အတူ ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့ပြီး "ရန်ကုန်အစိုးရ" ဟု ခေါ်ရလောက်အောင် ခြိမ်းခြောက်လာခဲ့ကြောင်း၊ အင်းစိန်ကို ကရင်သူပုန်တို့ ဝင်ရောက်တိုက်ခိုက်နေချိန် အတွင်း အမြောက်တပ်ဖွဲ့ကို ဗိုလ်ကြီးရဲထွန်းနှင့် စစ်သည် ၆၃ ဦးဖြင့် စတင်ဖွဲ့စည်းပြီး အမြန်ဆုံးတိုက်ပွဲဝင်ရန် ဗိုလ်ချုပ်နေဝင်းကိုယ်တိုင် အမိန့်ထုတ် ဖွဲ့စည်းစေခဲ့သည့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ကို အမြောက်တပ်ဖွဲ့၏ သန္ဓေတည်ပေါက်ဖွားရာ တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ခြင်းကြောင့် ယနေ့ဆိုပါက (၇၅) နှစ်ဆိုသည့် စိန်ရတုကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

**စစ်စည်းကမ်းကောင်းမွန်**

အမြောက်တပ်ဖွဲ့အနေဖြင့် စတင်ဖွဲ့စည်းစဉ်ကတည်းက အမိန့်နာခံပြီး စစ်စည်းကမ်းကောင်းမွန်သည့် အစဉ်အလာကောင်းများ ပိုင်ဆိုင်ထားသည့် အဖွဲ့အစည်းတစ်ခု အဖြစ် တွေ့မြင်ရမည်ဖြစ်ပြီး ပေးအပ်သည့် အမိန့်အတိုင်း သုံးရက်အတွင်း ဖွဲ့စည်းပြင်ဆင်ကာ သမိုင်းဝင်အင်းစိန်တိုက်ပွဲတွင် ထူးချွန်ပြောင်မြောက်စွာ ပစ်ကူပေးတိုက်ပွဲဝင်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရာတွင်လည်း အမြောက်တပ်ဖွဲ့ အစပြုရာ ၁၉၄၉ ခုနှစ် အင်းစိန်တိုက်ပွဲကစပြီး ယနေ့ မျက်မှောက်ကာလ အကြမ်းဖက်သောင်းကျန်းသူနှိမ်နင်းရေး တိုက်ပွဲများအထိ "လိုအပ်သည့်အချိန် လိုအပ်သည့်နေရာသို့ လိုအပ်သောကျည်အရေအတွက် ကျရောက်ပေါက်ကွဲစေရမည်" ဆိုသည့် ရည်မှန်းချက်တာဝန်နှင့်အညီ ထိရောက်စွာ ပစ်ခတ်တိုက်ပွဲဝင်နိုင်ခဲ့ပြီး စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ဂုဏ်ယူကြောင်း။

အမြောက်တပ်ဖွဲ့ဝင်များအနေဖြင့် တပ်ဖွဲ့၏ မူလတာဝန်များကိုသာမက တပ်မတော်၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်း၊ ၂၀၂၃ ခုနှစ်က ဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းများအပြင်

မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် အမြောက်တပ်ဖွဲ့သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဝိုင်းဝန်းကာကွယ်ရင်း ယနေ့တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီအမြောက်တပ်ဖွဲ့တစ်ခုအဖြစ် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့၊ မျိုးဆက်သစ်အမြောက်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း အမြောက်တပ်ဖွဲ့၏ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းတာဝန်ယူထိန်းသိမ်းသွားကြပြီး အနာဂတ်တပ်မတော်နှင့် အမြောက်တပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေအဖြစ် ပေးအပ်နိုင်ရန် ကြိုးစားဆောင်ရွက်သွားကြရမည်။

နိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် အခြားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

**တိုက်ပွဲဝင်အသင့်ရှိမှု**

ထို့ပြင် ယနေ့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်တွင် နိုင်ငံတော်ကို ဘက်ပေါင်းစုံကအဖျက်အမှောင့်လုပ်ငန်းမျိုးစုံ ဆောင်ရွက်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ချေမှုန်းရာတွင်လည်း အမြောက်တပ်ဖွဲ့ဝင်များ၏ ပြောင်မြောက်သည့် စွမ်းဆောင်ရည်များကို တွေ့ရှိခဲ့ရခြင်းကြောင့် အမြောက်တပ်ဖွဲ့၏ တိုက်ပွဲဝင် အသင့်ရှိမှုအပေါ် ဂုဏ်ယူ အသိအမှတ်ပြုသည်ကို ပြောကြားလိုကြောင်း။

အမြောက်တပ်ဖွဲ့အနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ခေတ်မီအမြောက်လက်နက်များ၊ ခဲယမ်းများနှင့် အမြောက်တပ်ဖွဲ့သုံးကိရိယာများကို တပ်ဆင်

ပေးနေသကဲ့သို့ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်စေရေးအတွက် ပြည်ပနိုင်ငံများကို ပညာတော်သင်များ စေလွှတ်ပေးခြင်းတို့လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပမှလေ့လာသင်ယူခဲ့သည့် ပညာရပ်များကို မိမိတို့တွင်ရှိပြီး အမြောက်ပညာရပ်များနှင့် ပေါင်းစပ်ပြီး အမြောက်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များကို ပိုမိုသိရှိနားလည်အောင် သင်တန်းများဖွင့်လှစ်ပြီး ပြန်လည်သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း။

လေ့ကျင့်ရေးပိုင်းတွင်လည်း တပ်မတော်တွင် ပြုလုပ်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးများ၊ (ကြည်း၊ လေ၊ အမြောက်၊ သံချပ်ကာ) ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းများတွင်လည်း အခြားတပ်ဖွဲ့များနှင့်အတူ ပူးပေါင်းပါဝင်လေ့ကျင့် ဆောင်ရွက်နိုင်ခဲ့ပြီး အမြောက်တပ်ဖွဲ့၏ အဓိကဆောင်ရွက်ရမည့် တာဝန်များကို အောင်မြင်အောင် လေ့ကျင့်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် အမြောက်တပ်ဖွဲ့သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဝိုင်းဝန်းကာကွယ်ရင်း ယနေ့တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီအမြောက်တပ်ဖွဲ့တစ်ခုအဖြစ် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့်တပ်၊ စွမ်းအားရှိသည့်တပ်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အားထားရသည့် လက်ရုံးတပ်အမြဲတမ်းဖြစ်နေစေရေး တပ်ဖွဲ့ဝင်အားလုံးက အားသွန်ခွန်စိုက်ကြိုးပမ်းကြရန် မှာကြားလိုကြောင်း။

အမြောက်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်လာသည့် တာဝန်များအပေါ် ဦးလည်မသုန် ထမ်းရွက်နိုင်ကြသည်ကိုလည်း (၇၅)နှစ်တာ ခရီးတွင် အကြိမ်ကြိမ် သက်သေပြနိုင်ခဲ့ကြပြီး ဘွဲ့ထူး၊ ဂုဏ်ထူးများရရှိသူ အရာရှိ၊ စစ်သည်၊ ရဲမေများ ပေါ်ထွက်ခဲ့သည့်အတွက်လည်း အသိအမှတ်ပြု ဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

မျိုးဆက်သစ်အမြောက်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း အမြောက်တပ်ဖွဲ့၏ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းတာဝန်ယူထိန်းသိမ်းသွားကြပြီး အနာဂတ်တပ်မတော်နှင့် အမြောက်တပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေအဖြစ် ပေးအပ်နိုင်ရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အမြောက်တပ်ဖွဲ့ဝင်များအနေဖြင့် ချမှတ်ထားသည့် မိမိတို့၏ တပ်ဖွဲ့ဆောင်ပုဒ်များ၊ ကြွေးကြော်သံများအတိုင်း ထိန်းသိမ်းဆောင်ရွက်ကြပြီး ကျရာ တာဝန်များကို ကျေပွန်အောင်ဆက်လက်ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားရင်း (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့မှသည် နောင်လာမည့် ရတုများစွာတိုင်အောင် စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၁၃ - ၂ - ၂၀၂၄ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာသီတာဦး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ဥပဒေဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ မှတ်ပုံတင် ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၄၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာ၌ ဇန်နဝါရီပထမပတ်အတွင်း နိုင်ငံရေးပါတီများနှင့် တွေ့ဆုံပြီးနောက် နိုင်ငံရေးပါတီများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလွယ်ကူစေရေးအတွက် နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဦးစွာပြင်ဆင်ပေးခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုအပ်သည့် ဥပဒေပြင်ဆင်မှုများအား ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအတွက် လိုအပ်သည်များကို နိုင်ငံတော် မှ တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးမည်ဖြစ်သော်လည်း ပါတီများအနေဖြင့်လည်း ကိုယ်ပိုင်ကြိုးစားအားထုတ်မှု များဖြင့် ဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ တပ်မတော် အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရေးနှင့် ခိုင်မာစေရေးကို အာမခံ ထားပြီးဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် ပါတီများ အနေဖြင့် ပါတီနိုင်ငံရေးလှုပ်ရှားမှု ရှိရမည်ဖြစ်သကဲ့သို့ နိုင်ငံ့အရေးကို ဆောင်ရွက်သည့် နိုင်ငံရေးကိုလည်း ဆောင်ရွက်ရန်လိုကြောင်း။

### ခံ့ခံ့ညားညားရှိရန်လို

ပါတီများအနေဖြင့် တိုင်းရင်းသားလူမျိုးကို ကိုယ်စား ပြုသည့်ပါတီ၊ ဒေသကိုကိုယ်စားပြုသည့်ပါတီ၊ တစ်နိုင်ငံ လုံးကို လွှမ်းခြုံကိုယ်စားပြုသည့်ပါတီဟူ၍ရှိကြောင်း၊ ပါတီများသည် ခိုင်ခိုင်မာမာဖြစ်ရန်လိုပြီးပါတီတွင်း ဒီမို ကရေစီတည်ဆောက်ရန်လည်းလိုကြောင်း၊ ပါတီကို ဦးဆောင်သူမရှိသဖြင့် ပါတီယိမ်းယိုင်ခြင်း၊ ပျက်စီးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပါတီဖျက်သိမ်းရခြင်းများ

မဖြစ်စေလိုဘဲ ခိုင်ခိုင်မာမာရှိစေလိုကြောင်း၊ ထို့ကြောင့် ခိုင်မာသည့် ပါတီတည်ဆောက်မှုဖြစ်ရန်လိုပြီး ပါတီဝင်များ၏ ဝန်းရံမှုများ ခိုင်မာရန်လိုကြောင်း၊ မိမိတို့ပါတီအလိုက် ဖွဲ့စည်းတည်ဆောက်ပုံနှင့် စည်းလုံးညီညွတ်မှု လက္ခဏာသည်လည်း ခွံ့ခွံ့ညားညားရှိရန်လိုကြောင်း။

ပါတီများ ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဥပဒေအရ လုပ်နိုင်ကိုင်နိုင်သည့် အခြေအနေတွင်ရှိစေရေး လိုအပ်သည့် ပြင်ဆင်မှုများကို လုပ်ပေးပြီးဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံရေးအရ၊ လုံခြုံရေးအရ လုပ်နိုင်ကိုင်နိုင်သည့် အနေအထားတွင်ရှိရန်လည်း လိုမည်ဖြစ်ကြောင်း၊ အချို့သော မြို့နယ်များ၌ လုံခြုံရေးအရ ပါတီလှုပ်ရှားမှုများ ဆောင်ရွက်ရန် အခက်အခဲရှိမည်ဖြစ်သော်လည်း ပါတီများအလိုက် မိမိတို့ လုပ်နိုင်သည့် အခြေအနေတွင်ရှိသည့် ဒေသများ၌ ပါတီလှုပ်ရှားမှုများကို ပြည်သူလူထုနှင့် အဆက်မပြတ် ထိတွေ့ဆောင်ရွက်နေရန်လိုကြောင်း၊ ပါတီဖွဲ့စည်းထားသည့် မြို့နယ်များ၊ ဖွဲ့စည်းရန် ရည်ရွယ်ထားသည့်မြို့နယ်များ၌ အရှိန်အဟုန်ဖြင့် လှုပ်ရှားမှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပါတီနိုင်ငံရေးဆိုသည်မှာ မိမိတို့ပါတီ၏ မူဝါဒများကို ပြည်သူအများက လက်ခံလာအောင်၊ ပါတီဝင်များဖြစ်လာအောင် လုပ်ဆောင်ခြင်းဖြစ်ပြီး ပါတီနိုင်ငံရေးမှတစ်ဆင့် နိုင်ငံ့အရေးကို ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ **နိုင်ငံ့အရေးသည် ပထမ၊ ပါတီအရေးသည် ဒုတိယဖြစ်ပြီး နိုင်ငံနှင့် ပါတီယှဉ်လာပါက နိုင်ငံ့အကျိုးကိုသာ ဦးစားပေးရန်လိုပြီး** နိုင်ငံသည်သာလျှင် အဓိက အရေးအကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ပါတီအရေးကို ဆောင်ရွက်သည့်အခါတွင် နိုင်ငံ့အရေးကိုလည်း စဉ်းစားဆောင်ရွက်သည့် အလေ့အကျင့်ကို ဖော်ဆောင်ကျင့်သုံးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိနိုင်ငံ့အရေးနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများက ပါဝင်ဆောင်ရွက်ရန် အချက်သုံးချက်ရှိကြောင်း။

နိုင်ငံ၏ စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့အရေးဖြစ်သည့်အတွက် ပါတီများအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ ၅၆ သန်းအနက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍ ဆောင်ရွက်သူ ၄၈ ဒသမ ၂ ရာခိုင်နှုန်း၊ လက်မှုပညာနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်သူ ၁၄ ဒသမ ၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်သူ ၁၀ ဒသမ ၄ ရာခိုင်နှုန်း၊ အခြေခံအလုပ်သမား ဆောင်ရွက်သူ ၁၁ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး နိုင်ငံ့လူဦးရေ၏ ၈၄ ဒသမ ၉ ရာခိုင်နှုန်းသည် ယင်းကဏ္ဍကြီး ၄ ရပ်ကိုသာ အခြေခံ၍ ဆောင်ရွက်ရသည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကဏ္ဍကြီး ၄ ရပ် တိုးတက်စေရေး၊ ပိုမိုအားကောင်းလာစေရေး ပါတီများအနေဖြင့် ပါတီနိုင်ငံရေးဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းက ပါတီဝင်များဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံ့အရေးအဖြစ်

> **နိုင်ငံ့အရေးသည် ပထမ၊ ပါတီအရေးသည် ဒုတိယဖြစ်ပြီး နိုင်ငံနှင့် ပါတီယှဉ်လာပါက နိုင်ငံ့အကျိုးကိုသာ ဦးစားပေးရန်လိုပြီး နိုင်ငံသည်သာလျှင် အဓိက အရေးအကြီးဆုံးဖြစ်၊ ပါတီအရေးကို ဆောင်ရွက်သည့်အခါတွင် နိုင်ငံ့အရေးကိုလည်း စဉ်းစား ဆောင်ရွက်သည့် အလေ့အကျင့်ကို ဖော်ဆောင်ကျင့်သုံးကြရမည်ဖြစ်၊ လက်ရှိအချိန်၌လည်း အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် အချို့သော နယ်မြေများ၌ ကျောင်းနေအရွယ်ကလေးငယ်များစွာ၏ ပညာရေးများစွာ ထိခိုက်နစ်နာနေရ၊ ပညာရေးတွင် အားနည်းချက်များရှိခဲ့ပါက နောင်အနာဂတ် နိုင်ငံတော်အတွက် အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်ပြီး အတွေးအခေါ်၊ အသိအမြင်နှင့် စည်းကမ်း လိုက်နာမှုအပိုင်း တို့၌ ကွာဟမှုများဖြစ်ပေါ်လာမည်ဖြစ်။**

ခံယူ၍ ပါတီများအနေဖြင့် ဆောင်ရွက်ကြရန်တိုက်တွန်း ပြောကြားလိုကြောင်း။

ပညာရေးနှင့်ပတ်သက်ပါကလည်း မိမိတို့နိုင်ငံတွင် အားနည်းချက်များစွာ ရှိနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် နောင်အနာဂတ်နိုင်ငံတော်ကို ပညာတတ်လူသား အရင်းအမြစ်များဖြင့် တည်ဆောက်နိုင်ရေးအတွက်လည်း ပါတီများအလိုက် ကြိုးစားဆောင်ရွက်ပေးကြရန်လို ကြောင်း၊ လက်ရှိအချိန်၌လည်း အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် အချို့သော နယ်မြေများ၌ ကျောင်းနေ အရွယ်ကလေးငယ်များစွာ၏ ပညာရေးများစွာထိခိုက် နစ်နာနေရကြောင်း၊ ပညာရေးတွင် အားနည်းချက်များ ရှိခဲ့ပါက နောင်အနာဂတ်နိုင်ငံတော်အတွက် အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်ပြီး အတွေးအခေါ်၊ အသိအမြင်နှင့် စည်းကမ်း လိုက်နာမှုအပိုင်းတို့၌ ကွာဟမှုများဖြစ်ပေါ်လာမည်ဖြစ် ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများအနေဖြင့် ကလေး ငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ကောင်းမွန်သည့် လမ်းကြောင်းပေါ်မှ မြှင့်တင်ပေးနိုင်ရေး၊ လမ်းညွှန်ပေး နိုင်ရေးဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပါတီများ အနေဖြင့်လည်း နိုင်ငံ့အရေး ဆောင်ရွက်ရာတွင် စီးပွားရေးအရ၊ ပညာရေးအရ မြှင့်တင်မှုအခန်းကဏ္ဍ၌ ပါဝင်လာစေရေး တိုက်တွန်းပြောကြားရခြင်းဖြစ် ကြောင်း။

တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးကတည်းက ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခများသည် ယခုအချိန်အထိ ဖြစ်ပေါ်နေဆဲဖြစ် ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ်တွင်သာရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် သဘောထားကွဲလွဲမှုများရှိမည် ဖြစ်သော်လည်း လိုလားချက်များကို အကြမ်းဖက်သည့် လမ်းစဉ်ဖြင့် လက်နက်ကိုင်၍ တောင်းဆို၍မရဘဲ ဥပဒေ အရသာ တောင်းဆိုရမည်ဖြစ်ကြောင်း၊ နိုင်ငံရေး နည်းလမ်း အရ ဆောင်ရွက်ခြင်းမပြုဘဲ လက်နက်ကိုင်၍ တောင်းဆို ခြင်းကို တပ်မတော်အနေဖြင့် လုံးဝလက်ခံမည်မဟုတ် ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက် ၍လည်း တပ်မတော်အနေဖြင့် သဘောတူညီထားပြီး ဖြစ်ပြီး ပြင်ဆင်သင့်သည့်ဥပဒေများကို လွှတ်တော် လမ်းကြောင်းပေါ်၌ ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ လွှတ်တော်မတိုင်မီ ဥပဒေမထုတ်ပြန်နိုင်သေးပါက ပြည်ထောင်စုမှ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်နှင့် ညွှန်ကြားချက်များထုတ်ပြန်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လုပ်ဆောင်ပေး၍ရကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးမည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ် များကလည်း ဖက်ဒရယ်စနစ်အပေါ်တွင် ယုံကြည်မှု ပိုမို ရှိလာမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြု ထားသောကဏ္ဍများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် ဥပဒေပြဋ္ဌာန်းပြီး လုပ်ဆောင်၍ ရသည်များရှိ သော်လည်း မလုပ်သည့်အတွက် အချို့နေရာများတွင် အခက်အခဲများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း။

လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲဖြစ်ပေါ်လာစေရေးအတွက် တည်ငြိမ် အေးချမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ကြောင်း၊ ယင်းဥပဒေသည် နိုင်ငံတော်အနေဖြင့် နိုင်ငံတော် ကာကွယ်ရေး၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ယခင်ကတည်းကပင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ကြောင်း၊ ယင်းဥပဒေနှင့် ပတ်သက်၍ တွက်ချက်ချင့်ချိန်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်လိုကြောင်း၊ သတ်မှတ်အသက် အပိုင်းအခြားအတွင်းမှ သင့်တင့် လျောက်ပတ်သည့် အင်အားသာ တာဝန်ထမ်းဆောင်ရန် ဖြစ်ပြီး ရှုဥ္စလည်းလျှောက်သာ ပျားလည်းစွဲသာသည့် အခြေအနေဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် အရန်တပ်ဖွဲ့ ဥပဒေအာဏာတည်သည့်အမိန့် ကိုလည်း ယနေ့တွင် စတင်ထုတ်ပြန်မည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းများအနေဖြင့်နိုင်ငံတော်၏ကာကွယ်ရေး အင်အားတွင် ပြန်လည်ထမ်းဆောင်ရန် တောင်းဆိုမှု များပြားလာသဖြင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ် ကြောင်း၊ စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ် ယူမည်ဟု မဆိုလိုဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူ တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယင်းဥပဒေနှစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်

ခြင်းဖြင့် ကာကွယ်ရေးအင်အားကို တိုးမြှင့်လာစေမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားသည် မဖြစ်မနေ ကောင်းမွန်နေရန်လိုကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာလျှင် နိုင်ငံရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားများလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း။

**တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်ပါက မိမိတို့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရှေ့လုပ်ငန်းစဉ် ပဉ္စမအချက်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာဖြစ်မြောက်စေရေး အုပ်ချုပ်သူအစိုးရတစ်ခုတည်းမရဘဲ နိုင်ငံရေးပါတီများ၊ တိုင်းသူပြည်သားများအားလုံး ပါဝင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံကို ကိုယ်စားပြုမည့်သူများကို နိုင်ငံရေးပါတီများမှသာ ရွေးချယ်ရမည်ဖြစ်သဖြင့် နိုင်ငံရေးပါတီများနှင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ဒေသနှင့်နိုင်ငံ့အကျိုးအတွက် ဆွေးနွေးကြရန်နှင့် လိုအပ်သည်များကို အကြံပြုကြရန်ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပါတီတစ်ခုချင်းစီအလိုက် လိုအပ်ချက်များ၊ နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရာတွင် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် လမ်းညွှန်ချက်၊ စည်းကမ်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်လမ်းညွှန်မှုများဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ပါတီရုံးများဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့မှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု၊ ပြည်သူ့စစ်မှုထမ်း ဥပဒေပြဋ္ဌာန်းရန် လိုအပ်မှုနှင့် ထောက်ခံမှု၊ နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ပါတီများအနေဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားကဏ္ဍအသီးသီးတွင် ပါဝင်အားဖြည့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပါတီများမှတ်ပုံတင်ခြင်း ဆိုင်ရာများနှင့်ပတ်သက်သည့်ကိစ္စရပ်များနှင့် ပါတီများ၏ တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးပြီး လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ဥပဒေပိုင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံ

> **အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာဖြစ်မြောက်စေရေး အုပ်ချုပ်သူအစိုးရ တစ်ခုတည်းမရဘဲ နိုင်ငံရေးပါတီများ၊ တိုင်းသူပြည်သားများအားလုံး ပါဝင်ရမည်ဖြစ်၊ နိုင်ငံကို ကိုယ်စားပြုမည့် သူများကို နိုင်ငံရေးပါတီများမှသာ ရွေးချယ်ရမည်ဖြစ်သဖြင့် နိုင်ငံရေး ပါတီများနှင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်၊ တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိ၊ ထို့ကြောင့် မိမိတို့ခြေထောက်ပေါ်တွင်သာ ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ ပြည်တွင်းအားကိုဖော်ဆောင်ပေးရန် အတွက် နိုင်ငံရေးပါတီများသည်လည်း ပါဝင်၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ထင်မြင်ချက်များ များစွာပေးကြ၊ ယင်းအတွက် ပြည်သူများ အသိပညာအားကောင်းစေရေး ပညာရေး အားကောင်းအောင် ဆောင်ရွက်သွား ရမည်ဖြစ်။**

အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁)ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ ဥပဒေဆိုင်ရာကိစ္စ၊ နိုင်ငံခြားရေးမူဝါဒဆိုင်ရာကိစ္စများနှင့် ပါတီနိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက အဂတိလိုက်စားမှု ဆိုင်ရာများနှင့်ပတ်သက်သည့်ဥပဒေရေးရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

**ဥပဒေကို ပိုမိုနားလည်သိရှိရန်လို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ပြည့်ပြည့်စုံစုံဆွေးနွေးတင်ပြသွားကြကြောင်း၊ နိုင်ငံရေးပါတီများသည် ဥပဒေပြုရေးကဏ္ဍများအတွက် လွှတ်တော်များတွင် ပါဝင်ဆောင်ရွက်ကြကြောင်း၊ ဥပဒေပြုရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပါတီခေါင်းဆောင်များအနေဖြင့် ဥပဒေကိုပိုမိုနားလည်သိရှိရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဆန္ဒမဲပေးရာတွင် ကြိုက်နှစ်သက်သည့်ပါတီကို မဲပေး၍ရသော်လည်း ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုကြောင်း။

ပါတီတွင်းနှင့် ပါတီများစည်းလုံးညီညွတ်ရေးသည်လည်း အရေးကြီးကြောင်း၊ ယခုအတည်ပြုပြီးသောပါတီများသည် တရားဝင်ခွင့်ပြုထားသည့် နိုင်ငံရေးဦးဆောင်ပါတီများဖြစ်ကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံလိုက်နာရန်လိုအပ်ပြီး ထိခိုက်စေမည့် ကိစ္စရပ်များ မပြုလုပ်ရန်လိုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ကြရန်လိုကြောင်း။

တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထို့ကြောင့် မိမိတို့ခြေထောက်ပေါ်တွင်သာ ရပ်တည်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းအားကိုဖော်ဆောင်ပေးရန်အတွက် နိုင်ငံရေးပါတီများသည်လည်းပါဝင်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ထင်မြင်ချက်များ များစွာပေးကြကြောင်း၊ ယင်းအတွက်ပြည်သူများ အသိပညာအားကောင်းစေရေး ပညာရေးအားကောင်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အသိပညာအားကောင်းပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိသူများမွေးထုတ်ပေးနိုင်ရေးအချိန်ပေး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများသည် မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဖြစ်နေသည်များရှိကြောင်း၊ တိုင်းရင်းသားအားလုံး ပြည်သူများအားလုံးပြည်ထောင်စု စိတ်ဓာတ်ရှိရန်လိုကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ရှိမှ ဒို့တာဝန်အရေးသုံးပါးကို အလေးထားမည်ဖြစ်ကြောင်း၊ သွေးထိုးလှုံ့ဆော်မှုများနှင့် အသိဉာဏ်အားနည်းပါးမှုများကြောင့် ပြည်ထောင်စုစိတ်ဓာတ်ကို ထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့်ညီညွတ်ခြင်းအင်အားဖြင့်ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ထိခိုက်စေမည့်လုပ်ရပ်များ မလုပ်ဆောင်မိစေရေး သတိထားဆောင်ရွက်ကြစေလိုကြောင်း။

**ပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်း ဆောင်ရွက်**

ပါတီများအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများအားလုံး ဆောင်ရွက်ရာတွင် ဥပဒေနှင့်သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကောင်းသည့်စိတ်ဖြင့် လုပ်ဆောင်မည်ဆိုပါက ကောင်းသည့် ရလဒ်များရရှိမည်ဖြစ်ပြီး မကောင်းသည့်စိတ်ဖြင့် လုပ်ဆောင်မည်ဆိုပါက မကောင်းသည့်ရလဒ်များရရှိမည်ဖြစ်ကြောင်း၊ ဥပဒေပြုမဏ္ဍိုင်တွင် ဆောင်ရွက်ရမည့် ပါတီများအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်သည် လာမည့်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေသည့်ကာလဖြစ်ပြီး လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၁၄ - ၂ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအား ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သံအမတ်ကြီးများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

**နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ အခြေအနေများကို မျက်မြင်တွေ့နိုင်ရေးအတွက် ပြည်ထောင်စုနေ့ အခါသမယတွင် ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တိုက်ရိုက်သက်ဆိုင်နေသည့် သံတမန်များအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို သိရှိရန်လိုပြီး လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေနှင့် ဖြစ်ပေါ်လာသည့် အကြောင်းအရာများကို ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်မှာ သုံးနှစ်ရှိခဲ့ပြီဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင်

လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အတင်းအဓမ္မ ရယူရန် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ဥပဒေနှင့်အညီ တာဝန် ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ စတင်တာဝန်ထမ်း ဆောင်ခဲ့ပြီးနောက်ပိုင်း ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိ ချက်များအား ထုတ်ပြန်ခဲ့ပြီး တာဝန်ရှိသူများကိုဖော်ထုတ်၍ အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စတင်တာဝန် ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှု များသာရှိခဲ့သော်လည်း နောက်ပိုင်းတွင် နိုင်ငံရေးအရ ဖြစ်ပေါ်ခဲ့သည့် ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းခြင်း မပြုဘဲ အကြမ်းဖက်သည့် နည်းလမ်းကို ရွေးချယ်ခဲ့ကာ တရားမဝင် အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG တို့ကို ဖွဲ့စည်း၍ ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် သမားများဖြင့် ၂၀၂၂ ခုနှစ်အတွင်း၌ အကြမ်းဖက်မှုလုပ်ရပ် များကို လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ ထိုကဲ့သို့ နိုင်ငံရေးအခက်အခဲ၊ အကျပ်အတည်းများ ဖြစ်ပေါ်ခဲ့သည့် ကြားကပင် ကိုဗစ်-၁၉ ကပ်ရောဂါကိုလည်း သစ္စာရှိ အစိုးရ ဝန်ထမ်းများ၊ ပြည်သူလူထုများ၏ ဝိုင်းဝန်းပါဝင်မှုဖြင့် ဖြေရှင်းနိုင်ခဲ့သည့် အခြေအနေများ၊ ၂၀၂၃ ခုနှစ် အတွင်း၌ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် နိုင်ငံ အတွင်းရှိ အချို့မြို့နယ်များ၌ အကြမ်းဖက်လုပ်ရပ်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့အနေဖြင့်လည်း PDF အမည်ခံအကြမ်းဖက်သမားများအား အကြမ်းဖက် သင်တန်းပေးခြင်း၊ လက်နက်၊ ခဲယမ်းများ ရောင်းချပေး ခြင်း၊ ၎င်းတို့နှင့် အတူတကွပူးပေါင်း၍ လမ်း၊ တံတား များအား မိုင်းထောင်ဖောက်ခွဲခြင်း၊ အလိုမတူသူများအား ခြိမ်းခြောက်သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ် များကို လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့၏ နယ်မြေများ ၌လည်း လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်လာ ခဲ့သောကြောင့် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ ပြည်သူများနှင့် အတူတကွပူးပေါင်း၍ အကြမ်း ဖက်မှု နှိမ်နှင်းရေးစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်ပတ်သက်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှု များ၊ ငွေကြေးလိမ်လည်မှုများကို အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းတိုက်ဖျက်လျက်ရှိသည့် အခြေအနေများ စသည်ဖြင့် နိုင်ငံအတွင်း ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေး ကင်းရှင်းရေး**

ဆက်လက်ပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ နိုင်ငံ့ဝန်ထမ်းအချို့သည်လည်း CDM လှုပ်ရှားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်မှုများရှိခဲ့ကြောင်း၊ ကမ္ဘာ့ နိုင်ငံများတွင်လည်း နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ကြောင်းကို ဥပဒေအရ ပြဋ္ဌာန်းထား ရှိပြီး မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်းပါဝင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း များသည် ၎င်းတို့ထောက်ခံသည့် ပါတီကို မဲပေးနိုင်သည် ဖြစ်သော်လည်း လုပ်ငန်းတာဝန်ထမ်းဆောင်မှုအပေါ် သက်ရောက်မှု မရှိစေရန်လိုကြောင်း၊ ပါတီနိုင်ငံရေးနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်မှုကို ကွဲပြားစွာ သိရှိရန်လိုကြောင်း၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ဝန်ထမ်း များအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းများသည် အစိုးရ အတွက် အလုပ်လုပ်ခြင်းမဟုတ်ဘဲ နိုင်ငံ့အတွက် အလုပ် လုပ်ခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရန်လို ကြောင်း။

**နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ပကတိအခြေအနေ မှန်များကို နိုင်ငံတကာမှ သိရှိရေး**

**မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏တည်ရှိပုံ ပထဝီအနေ အထားအရ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် ပြည်ပတွင် တာဝန်ထမ်းဆောင်နေကြသည့် သံတမန် ဝန်ထမ်းများတွင် တာဝန်ရှိ**ကြောင်း၊ အိမ်နီးချင်းနိုင်ငံ များနှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် အခြေအနေ များကို မျက်ခြည်မပြတ်စေဘဲ မိမိတို့၏ မူဝါဒကို အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်ပြီး

နိုင်ငံတကာအသိုင်းအဝိုင်း၊ အဖွဲ့အစည်းများတွင် ပါဝင်နေသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး ပဋိပက္ခဖြစ်စဉ်များကြောင့် မိမိတို့အပေါ် အရေးယူပိတ်ဆို့မှုများ၊ ဖိအားပေးမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေမှန်များနှင့် **လက်ရှိဖြစ်ပေါ်နေသည့် ပကတိ အခြေအနေမှန်များကို နိုင်ငံတကာမှ သိရှိစေရေးအတွက် သက်ဆိုင်ရာနိုင်ငံများအလိုက် ဆောင်ရွက်ကြရန်**လိုကြောင်း၊ မိမိတို့ နိုင်ငံအပြင် အခြားဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း အချို့နိုင်ငံကြီးများ၏ မမျှမတ ဖိအားပေးဆက်ဆံမှုများ၊ နိုင်ငံရေး၊ စီးပွားရေးအရ လွှမ်းမိုးပိတ်ဆို့မှုများကို ကြုံတွေ့နေရမှုများရှိသဖြင့် နိုင်ငံ့အကျိုးစီးပွားအတွက် ကြံ့ကြံ့ခံကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့အကျိုးအတွက် ပြောသင့်ပြောထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို မိမိတို့ တွေ့ကြုံနေရသည့် အခြေအနေများ၊ သံတမန် အတွေ့အကြုံများအရ ချိန်ထိုးချင့်ချိန်၍ ဆောင်ရွက်ကြရန်**လိုကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံများအလိုက် မြန်မာနိုင်ငံ၏ အခြေအနေမှန်များကို သိရှိစေရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**နယ်ပယ်အလိုက် သံတမန်လုပ်ငန်းရပ်များ အောင်မြင်စေရေးနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများအား အကူအညီပေးရေး**

သံတမန်ဝန်ထမ်းများ၏ သဘောတရားမှာ နယ်ပယ်ပေါင်းစုံ၌ ဆက်ဆံမှု တိုးမြှင့်နိုင်ရေးပင်ဖြစ်ပြီး အရေးကြီးသည့် တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ **မိမိတို့ လုပ်ဆောင်နိုင်သည့် နယ်ပယ်များအလိုက် လုပ်ဆောင်နိုင်မှုများကို ထိရောက်စွာအသုံးချ၍ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှု ဖလှယ်ရေးဆိုင်ရာအရ ဆက်ဆံမှု တိုးမြှင့်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ထိုကဲ့သို့ ဆက်ဆံမှုတိုးမြှင့်လာပြီး ပုဂ္ဂိုလ်ရေးအရ၊ လုပ်ငန်းသဘောအရ ရင်းနှီးမှုများသည် လုပ်ငန်းတာဝန်များကို အောင်မြင်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာရှိစွာဖြင့် တာဝန်သိစိတ်၊ တိုင်းပြည်ချစ်စိတ်များဖြင့် တာဝန်ထမ်းဆောင်ကြစေလိုကြောင်း၊ စီးပွားရေးနှင့် ပတ်သက်၍ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများမှ တင်ပို့လိုသည့်ပစ္စည်းများ၊ ၎င်းတို့ လိုအပ်သည့်ပစ္စည်းများ၊ မိမိတို့နိုင်ငံမှ တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများကိုလည်း သိရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံနှင့် နိုင်ငံသားတို့၏ စီးပွားမြှင့်တင်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ နိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူ အများအပြားရှိသဖြင့် ၎င်းတို့အား အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး၊ စဉ်ဆက်မပြတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရပ်များ ရရှိလာပါက ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်စေပြီး နိုင်ငံအတွက်လည်း အကျိုးရှိနိုင်မည်ဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**ပြည်ပရောက် မြန်မာနိုင်ငံသားများသည် မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသားများပင်ဖြစ်သည့်အတွက် ၎င်းတို့ ကြုံတွေ့နေရသည့် အခက်အခဲများကို တတ်နိုင်သရွေ့ ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိ**ကြောင်း၊ မြန်မာနိုင်ငံသားတိုင်းသည် အကြောင်းအမျိုးမျိုးကြောင့်သာ အခြားနိုင်ငံများသို့ ရောက်ရှိနေရသည်ဖြစ်သော်လည်း မြန်မာနိုင်ငံသားဟူသည့် စိတ်ရှိသည်ဖြစ်သဖြင့် ၎င်းတို့အတွက် အင်အားတစ်ခုရရှိစေရေး၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရေးအတွက် သံတမန်ဝန်ထမ်းများအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ရေခြားမြေခြားတွင် နိုင်ငံ့တာဝန်များကို သွားရောက်တာဝန်ထမ်းဆောင်နေသည့် သံတမန်ဝန်ထမ်းများ၏ ရသင့်ရထိုက်သည့် ရပိုင်ခွင့်များ၊ အကျိုးခံစားခွင့်များ ရရှိစေရေးအတွက်လည်း တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သံတမန်ဝန်ထမ်းများ နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက်လည်း လိုအပ်သည်များ ဖြည့်ဆည်းပေးမည်ဖြစ်သဖြင့် မိမိတို့သက်ဆိုင်ရာ နိုင်ငံအလိုက်ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရန်လိုကြောင်း။

**ပညာရည်မြှင့်တင်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရေး**

မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအရ အားနည်းချက်များ များစွာရှိနေသေးသည်ကို စစ်တမ်းများအရ တွေ့ရှိရပြီး

**ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရပ်များရရှိလာပါက ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်စေပြီး နိုင်ငံအတွက်လည်း အကျိုးရှိနိုင်မည်ဖြစ်သဖြင့် ကြိုးပမ်း ဆောင်ရွက်ကြစေလို၊ ပညာရေးသည် တိုင်းပြည်၏ အနာဂတ်ပင်ဖြစ်၊ ပညာရေးအားနည်းချက် သည် နောင်အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် အခက်အခဲများ ဖြစ်ပေါ်စေနိုင်သောကြောင့် ပညာရေးကို မိမိတို့အနေဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်း ဆိုင်ရာအရမဖြစ်မနေ အားပေး ဆောင်ရွက်လျက်ရှိ။**

မိမိတို့ တာဝန်ယူချိန်တွင် ပညာရည်မြှင့်တင်မှုလုပ်ငန်းရပ်များကို မဖြစ်မနေကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်းများကြားကပင် ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင်လည်း အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဖွင့်လှစ်ရန်လုံးဝ မဖြစ်နိုင်သည့် အချို့သော ကျောင်းများမှအပ ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များအားလုံးကို ဖွင့်လှစ်ပေးလျက်ရှိပြီး ပညာရည်မြှင့်တင်မှု စဉ်ဆက်မပြတ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ **သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအနေဖြင့်လည်း မိမိတို့ တာဝန်ထမ်းဆောင်ရာ နိုင်ငံများအလိုက် ပညာရည်မြှင့်တင်ရေး ဆောင်ရွက်မှုများ၊ ပညာရေး အားပေးဆောင်ရွက်မှု အခြေအနေများကိုလေ့လာ၍ တင်ပြကြစေလိုပြီး** မိမိတို့နိုင်ငံနှင့် ကိုက်ညီသည်များကို အတုယူဆောင်ရွက်ခြင်းဖြင့် ပညာရေးကို မြှင့်တင်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးသည် တိုင်းပြည်၏ အနာဂတ်ပင်ဖြစ်ကြောင်း၊ ပညာရေးအားနည်းချက်သည် နောင်အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် အခက်အခဲများ ဖြစ်ပေါ်စေနိုင်သောကြောင့် **ပညာရေးကို မိမိတို့အနေဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာအရ မဖြစ်မနေ အားပေးဆောင်ရွက်လျက်ရှိ**ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာသင် အထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာသင်ကြားရေး တက္ကသိုလ်များ၊ ကောလိပ်များ၊ လက်ရှိနည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ အခြေအနေနှင့် ဖြစ်ပေါ်လာမည့် အခြေအနေ ဆန်းစစ်ချက်များနှင့် ပိုမိုကျယ်ပြန့်သည့်သင်ကြားသင်ယူမှုနယ်ပယ်များ ထည့်သွင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ပညာရေးသည် အရေးကြီးသည့် ပညာရေးတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအနေဖြင့် လည်း နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှု အခန်းကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြရန်လိုကြောင်း။

**ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေ**

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေကို နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ ထုတ်ပြန်ခဲ့ကြောင်း၊ **နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်**ပြီး ယင်းဥပဒေနှင့်ပတ်သက်၍ တွက်ချက်ချင့်ချိန်ဆောင်ရွက်သွားမည်ဖြစ်ပြီး **သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့် အင်အားကိုသာ တာဝန်ထမ်းဆောင်ရန်ဖြစ်**ကာ နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဆောင်ရွက်

သွားမည်ဖြစ်ကြောင်း၊ **အရန်တပ်ဖွဲ့ဥပဒေနှင့် ပတ်သက်၍လည်း စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမည်ဟု မဆိုလိုဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူတာဝန်ပေးအပ်သွားမည်ဖြစ်**ကြောင်း၊ ယင်းဥပဒေနှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကာကွယ်ရေးအင်အားကို တိုးမြှင့်လာစေမည်ဖြစ်ကြောင်း၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအနေဖြင့်လည်း ယင်းဥပဒေနှစ်ရပ်၏ အဓိပ္ပာယ်ကို ခြေခြေမြစ်မြစ် သိရှိအောင် လေ့လာကြရန်နှင့် သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်ရောက်ရှိပါက ဥပဒေအသက်သွင်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားနိုင်ရန်လိုကြောင်း။

သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများသည် နိုင်ငံတကာတွင် နိုင်ငံ့အတွက် အရေးပါသည့် လုပ်ငန်းရပ်များကို တာဝန်ထမ်းဆောင်နေရသူများဖြစ်သည့်အတွက် နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေမှန်များနှင့် ဖြစ်ပေါ်နေသည့် အခြေအနေများကို အမှန်အတိုင်း သိရှိစေရေးအတွက် ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောကြားရခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးအတွက် မိမိတို့၏ တာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လို ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားရေး မူဝါဒများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတကာသံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

၎င်းနောက် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများက သက်ဆိုင်ရာနိုင်ငံများအလိုက် နှစ်နိုင်ငံဆက်ဆံရေး အခြေအနေများနှင့် ဆက်ဆံမှုတိုးမြှင့်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့် သဘောထားများနှင့် သံတမန်ရေးရာကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီးရှင်းလင်း တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အနိုင်ရသည့်ပါတီအား နိုင်ငံ့တာဝန်များကိုပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ရာတွင် သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ် အရေအတွက်သည် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များထက် ပိုမိုများပြားနေရန် လိုအပ်ကြောင်း၊ သို့မှသာ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်မည်ဖြစ်ပြီး လွှတ်တော်များအတွင်း၌လည်း အပြန်အလှန် ထိန်းကျောင်းနိုင်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲ မဲစာရင်းမှားယွင်းမှုများကို သင်ခန်းစာယူ၍ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ဆောင်ရွက်ရာတွင် မဲစာရင်းများ မှန်ကန်မှုရှိစေရေးနှင့် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်း မှန်ကန်မှုရှိစေရေးနှင့် နောင်တက်လာမည့် အစိုးရအနေဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ ရေးဆွဲချမှတ်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine)နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တင်ပြချက်များတွင်ပါဝင်သည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရောက်ရှိနေသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက်လည်း မိမိတို့ သတ်မှတ်ထားသည့်အချက်များနှင့် ကိုက်ညီမှုရှိပါက ပြန်လည်လက်ခံရန် မိမိတို့အနေဖြင့် အသင့်ရှိ

ကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြဿနာအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် **ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့်လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထား ကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိ**ကြောင်း၊ မီဒီယာများမှ လှုံ့ဆော်မှုများ၊ သွေးထိုးမှုများသည် ပြည်ထောင်စုကြီး စည်းလုံးညီညွတ်မှုကို ပြိုကွဲစေနိုင်သည်ဖြစ်သောကြောင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများအနေဖြင့်လည်း နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှသိရှိစေရေး ပြောဆိုဆောင်ရွက်နိုင်ရန်လိုကြောင်း။

သက်ဆိုင်ရာနိုင်ငံများအလိုက် **မိမိတို့နိုင်ငံမှ ပညာတော်သင်များနှင့် ပတ်သက်၍လည်း သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများအနေဖြင့်လိုအပ်သည်များစောင့်ရှောက်ပေးရန်လို**ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသူများ၊ ပညာတော်သင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ၊ ၎င်းတို့၏ လိုအပ်ချက်နှင့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ဖြင့် နွေးထွေးသည့် စောင့်ရှောက်မှုများကို လုပ်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ **နိုင်ငံတကာနှင့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ အဆင်ပြေကောင်းမွန်ခြင်းဖြင့် မိမိတို့နိုင်ငံအတွက် အကူအညီအထောက်အပံ့ကောင်းများရရှိနိုင်မည်ဖြစ်**သည့်အတွက် သံတမန်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တိုင်းပြည်ချစ်စိတ်ဖြင့် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

■ ■ ■

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်ချီးမြှင့်စဉ် ပြောကြားသည့်အမှာစကား

( ၁၅ - ၂ - ၂၀၂၄ )






မြန်မာနိုင်ငံ၏ ပထမဦးဆုံးသောမီဒီယာဌာနကြီးတစ်ခုဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်တပ်ကုန်းမြို့ရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊ သတင်းမီဒီယာများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်ရုံးမှဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများက Online မှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းမှ တိုင်းရင်းသားဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ LED Animation ပြသ၍စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှဝန်ထမ်းများက **"အားလုံးချစ်သည် MRTV"** တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Analogue နှင့် Digital စနစ်တို့ဖြင့် ထုတ်လွှင့်နေသည့် စက်ရုံများအနက် နေပြည်တော် (ပျဉ်းမနား)၊ ရန်ကုန် (ပြည်လမ်း)နှင့် မန္တလေးထပ်ဆင့်လွှင့်စက်ရုံသုံး

ရုံမှ Analogue စနစ်ဖြင့် ရုပ်သံထုတ်လွှင့်မှုအစီအစဉ် (Analogue Switch Off–ASO) စတင်ကြောင်း ကြေညာသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား DVB–T2 စနစ်တွင် HD Quality ရုပ်သံ(၂)လိုင်းမှ (၉) လိုင်း တိုးချဲ့၍ ရုပ်သံလိုင်း (၁၁) လိုင်းဖြင့် အဆင့်မြှင့်တင်ထုတ်လွှင့်မှုနှင့် MRTV DTH Platform တွင် ရုပ်သံ (၇) လိုင်းမှ (၁၂) လိုင်းတိုးချဲ့၍ ရုပ်သံလိုင်း (၁၉) လိုင်း ထုတ်လွှင့်မှု တို့အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် "နုပျိုဆန်းသစ် (၇၈) နှစ်မှသည် ပြည်သူ့အတွက် MRTV" Video Clip ကို ပြသသည်။

**နှစ်စဉ်ကျင်းပခဲ့**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏အစ "ရန်ကုန်ရေဒီယို (Rangoon Radio)" က ဟုခေါ်တွင်ခဲ့ရာမှ အမည်စတင်ပြင်ဆင်ခဲ့သည့် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်ကို မူတည်သတ်မှတ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်ကို တွေ့ရှိရကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (Myanma Radio and Television–MRTV)သည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားပြီး အစဉ်အလာနှင့် သမိုင်းကောင်းသည့် နိုင်ငံတော်မီဒီယာဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့်ပြည်သူ့အတွက် တာဝန်ကျေပွန်ခဲ့သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့်လိုက်လျောညီထွေအောင် ပြုပြင်ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်သည့် ဌာနကြီးတစ်ခုဖြစ်ခြင်းကြောင့် ယခုကဲ့သို့ (၇၈) နှစ် ပြည့်မြောက်သည့် သမိုင်းမော်ကွန်းမှတ်တိုင်တစ်ခုကို မားမားမတ်မတ်ဖြင့် ဝံ့ဝံ့ကြွားကြွား စိုက်ထူနိုင်ခြင်းပင်ဖြစ်ကြောင်း။

(၇၈) နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အာဆီယံနိုင်ငံများ၌ "Analogue Switch Off–ASO" ဟုခေါ်သည့် Analogue စနစ်နှင့် ရုပ်သံထုတ်လွှင့်မှုရပ်ဆိုင်းရန် သဘောတူညီထားကြသည့် အစီအစဉ်ထဲမှ Pilot Project တစ်ခုဖြစ်သည့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးသုံးမြို့အတွက် ထုတ်လွှင့်နေသည့် ထပ်ဆင့်လွှင့်စက်ရုံသုံးရုံမှ Analogue စနစ်ထုတ်လွှင့်မှုကို စတင်ရပ်ဆိုင်းနိုင်ရန်ကြေညာပြီး အဆိုပါမြို့ကြီး သုံးမြို့တွင် ဒစ်ဂျစ်တယ်စနစ်တစ်ခုဖြစ်သည့် Digital Video Broadcasting–Second Generation Terrestrial (DVB–T2) စနစ်ဖြင့် ထုတ်လွှင့်နေသည့် ရုပ်သံ (၁၈) လိုင်းထဲတွင် High Definition (HD) Quality နှင့်

> **မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (Myanma Radio and Television–MRTV) သည် မြန်မာနိုင်ငံတွင် သက်တမ်း မြင့်မားပြီး အစဉ်အလာနှင့် သမိုင်းကောင်းသည့် နိုင်ငံတော် မီဒီယာဌာနကြီးတစ်ခုဖြစ်၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူ့အတွက် တာဝန်ကျေပွန်ခဲ့သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေအောင် ပြုပြင်ပြောင်းလဲ လိုက်ပါဆောင်ရွက်နိုင်သည့် ဌာနကြီးတစ်ခု ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ (၇၈) နှစ်ပြည့် မြောက်သည့် သမိုင်းမော်ကွန်းမှတ်တိုင် တစ်ခုကို မားမားမတ်မတ်ဖြင့် ဝံ့ဝံ့ကြွားကြွား စိုက်ထူနိုင်ခြင်းပင်ဖြစ်၊ ယခုအခါတွင် MRTV သည် ပြန်ကြားရေး ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲဆောင်ရွက် မှုဖြစ်သော နုပျိုသစ်လွင်ပြီး သွက်လက် ထက်မြက်သည့်၊ ဆန်းသစ်ခေတ်မီသည့် နိုင်ငံတော်မီဒီယာပုံစံအသစ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက် နေပြီဟု ပြောရမည်ဖြစ်။**

ရုပ်သံလိုင်း (၂) လိုင်းသာ ထုတ်လွှင့်နိုင်ရာမှ ယခုအခါ (၁၁) လိုင်းအထိ အဆင့်မြှင့်တင်ပြီး တိုးချဲ့ထုတ်လွှင့်နိုင်ရန်၊ နောက်ဒစ်ဂျစ်တယ်စနစ်တစ်ခုဖြစ်သည့် Direct To Home (DTH) စနစ်ဖြင့် ရုပ်သံလိုင်း (၇) လိုင်းသာထုတ်လွှင့်နေရာမှ ယခုအခါ ရုပ်သံလိုင်း (၁၉) လိုင်းအထိ တိုးချဲ့ထုတ်လွှင့်နိုင်ရန် စသည်များကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဟု သိရကြောင်း။

MRTV သည် Broadcast Media များဖြစ်သည့် TV နှင့် Radio တို့မှ ထုတ်လွှင့်ရာတွင် လူတိုင်း လက်လှမ်းမီစွာ အရှိန်အဟုန်ဖြင့် အသုံးပြုလာကြသော New Media ဟုခေါ်ကြသည့် Online Media တွင်လည်း "MRTV Application" အပါအဝင် Social Media Platform မှ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးနေသည်ကိုလည်း တွေ့မြင်နေရကြောင်း။

ယခုအခါတွင် MRTV သည် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုဖြစ်သော နုပျိုသစ်လွင်ပြီး သွက်လက်ထက်မြက်သည့်၊ ဆန်းသစ်ခေတ်မီသည့် နိုင်ငံတော်မီဒီယာပုံစံအသစ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဟု ပြောရမည်ဖြစ်ကြောင်း၊ မူလရည်မှန်းချက် (၃) ရပ်ဖြစ်သည့် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့် ဖျော်ဖြေပေးရန်တာဝန်များကို ရုပ်မြင်သံကြားမှ နည်းလမ်းပေါင်းစုံဖြင့် ထုတ်လွှင့်ဆောင်ရွက်ပေးနိုင်သည့်အပြင် နိုင်ငံတော်၏ နေ့ကြီး၊ ရက်ကြီး၊ အခါကြီးနှင့် အခမ်းအနားကြီးများတွင် ကဏ္ဍစုံမှတက်ကြွစွာပါဝင် ဆောင်ရွက်နိုင်ကြသည်ကိုလည်း တွေ့မြင်ရသည့်အတွက် ကျေနပ်အားရမိကြောင်း။

ထို့ပြင် နိုင်ငံတော်၏ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွန့်စွန့်စားစားထမ်းဆောင်နေကြသည့် "တပ်မတော်သား"များအတွက် ရှေ့တန်းစစ်မြေပြင်၊ တပ်စခန်းနေရာများအထိ သွားရောက်ဖျော်ဖြေပြီး စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် တက်ရောက်နေကြသည့် "နိုင်ငံ့ဝန်ထမ်း" များ အပန်းပြေစေရန် ဖျော်ဖြေတင်ဆက်ပေးခြင်း၊ အနာဂတ်နိုင်ငံတော်တွင် အားကိုးအားထားပြုရမည့် "လူရည်ချွန်"များ ပျော်ရွှင်လန်းဆန်းတက်ကြွစေရန် အပန်းဖြေစခန်းများတွင် သွားရောက်ဖျော်ဖြေပေးခြင်းစသည့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်နေရကြောင်း။

**ဂုဏ်ယူဖွယ်ရာဖြစ်**

တိုင်းရင်းသားများနှင့်ပတ်သက်၍လည်း MRTV အနေဖြင့် တိုင်းရင်းသားဘာသာစကား (၁၈) မျိုး အပါအဝင် စုစုပေါင်း ဘာသာစကား (၂၀) မျိုးနှင့် ထုတ်လွှင့်နိုင်သည်မှာလည်း နိုင်ငံတကာအလယ်တွင် ထူးခြားထင်ရှားပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးကို အလေးထားဝန်ဆောင်မှုပေးနေခြင်းဖြစ်သဖြင့် ရုပ်သံလွှင့်မီဒီယာအဖွဲ့အစည်းကြီးအဖြစ် ဂုဏ်ယူဖွယ်ရာဖြစ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့် နိုင်ငံနှင့်ပြည်သူလူထုအကျိုးအတွက် နိုင်ငံတော်တာဝန်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ တာဝန်ယူဆောင်ရွက်နေရခြင်းလည်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို ပြည်သူ့ဆန္ဒနှင့်အညီ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" ဟူသည့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်နှင့် "စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး"ဟူသည့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရည်မှန်းချက်များအောင်မြင်ရန် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရေးကြီးဆုံးလိုအပ်ချက်မှာ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး နှောင့်ယှက်ဖျက်ဆီးမှုများမှ ကင်းဝေးရန်လိုကြောင်း။

အားလုံးသိကြသည့်အတိုင်း ယနေ့နိုင်ငံတော်တွင် ပြည်တွင်းပြည်ပ သွေးထိုးမြှောက်ပင့်ပေးနေခြင်းများ၊ ကျင့်ဝတ်သိက္ခာကင်းမဲ့ပြီး နိုင်ငံကိုချောက်ထဲရောက်အောင် တွန်းပို့နေသော ယုတ်ညံ့သည့်မီဒီယာများ၊ အခြေအနေနှင့် လက်တွေ့ဖြစ်ပျက်နေမှုများကို အသိဉာဏ်ပညာနှင့် စဉ်းစားသုံးသပ်ဆောင်ရွက်မှုမရှိသည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြောင့် နေရာဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြည်သူများဆင်းရဲ

ဒုက္ခများစွာ ရောက်နေရခြင်းဖြစ်ကြောင်း၊ အဆိုပါ အဖျက်အမှောင့် လုပ်ရပ်များသည် တိုင်းပြည်အတွက် အန္တရာယ်အလွန်ကြီးခြင်းကြောင့် ပြည်သူလူထုအားလုံးက သိရှိနားလည်ကြရန် သတင်းတုသတင်းမှားများကို တုံ့ပြန်ခြင်း၊ သတင်းမှန်များကို ထုတ်လွှင့်ဖော်ပြပေးခြင်း၊ အသိပညာပေးခြင်းများကို တိုးမြှင့်ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက်က MRTV ၏ ဝန်ထမ်းဟောင်းများ သူ့ခေတ်သူ့အခါအလိုက် တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ MRTV ၏ မျိုးဆက်သစ်ဝန်ထမ်းများကလည်း "ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်" သမိုင်းပေးတာဝန်များကို သစ္စာရှိရှိဖြင့် ဝန်ထမ်းကောင်းများပီသစွာ ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက် နိုင်ငံနှင့်ပြည်သူအပေါ် တာဝန်ကျေပွန်ခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများနှင့်အညီ လိုက်ပါအသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အမြင်သစ်၊ အသွင်သဏ္ဌာန်အသစ်များ ဖန်တီးထုတ်လုပ်မှုများနှင့် ပိုမိုဆန်းသစ်တင်ဆက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တစ်ဆက်တည်းတွင် မြန်မာနိုင်ငံ၌ အနုပညာရှင်၊ အတတ်ပညာရှင်များစွာ မွေးထုတ်ပေးရာ၊ ပန်းပေါင်းစုံဖူးပွင့်လန်းဆန်းရာ ပန်းဥယျာဉ်ကြီးသဖွယ်ဖြစ်အောင်၊ ပြည်သူတွေအားကိုးအားထားပြုရသည့် တိုင်းကျိုးပြည်ပြု ဝန်ဆောင်မှုပြုနေသည့် မြန်မာနိုင်ငံ၏ စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုအားလုံးအပြင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများနှင့် အခြားပရိသတ်များအတွက်ပါ သတင်းအချက်အလက်အပါအဝင် အသိပညာ ဗဟုသုတ၊ အကြားအမြင်များနှင့် ဖျော်ဖြေတင်ဆက်မှုများ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက်သာမက ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးတွင် အစဉ်အမြဲမှတ်မှတ်ထင်ထင်ရှိလာအောင် စွမ်းဆောင်ပေးကြရန် မှာကြားလိုကြောင်း။

> **တိုင်းရင်းသားများနှင့် ပတ်သက်၍လည်း MRTV အနေဖြင့် တိုင်းရင်းသား ဘာသာစကား (၁၈) မျိုး အပါအဝင် စုစုပေါင်း ဘာသာစကား (၂၀) မျိုးနှင့် ထုတ်လွှင့်နိုင်သည်မှာလည်း နိုင်ငံတကာအလယ်တွင် ထူးခြားထင်ရှားပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးကို အလေးထားဝန်ဆောင်မှုပေးနေခြင်း ဖြစ်သဖြင့် ရုပ်သံလွှင့်မီဒီယာအဖွဲ့အစည်းကြီးအဖြစ် ဂုဏ်ယူဖွယ်ရာဖြစ်သည်ကို ပြောကြားလို။**

## ဝင့်ထည်တင့်တယ်စွာဖြင့် ရှင်သန်ရပ်တည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈) နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့မှသည် ရာစုနှစ်ပေါင်းများစွာအထိ ကောင်းခြင်းဂုဏ်သတင်းမွှေးပျံ့မှုများစွာနှင့်အတူ အောင်မြင်စွာ လျှောက်လှမ်းမှုဖြင့် ဝင့်ထည်တင့်တယ်စွာဖြင့် ရှင်သန်ရပ်တည်နိုင်ပါစေကြောင်းကို ဆန္ဒပြုဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍ ဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားသည့် အမှာစကား

( ၁၆ – ၂ – ၂၀၂၄ )





ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတကာမှ တိရစ္ဆာန်အစာစနစ် စိုက်ပျိုးခြင်း၊ နို့စားနွားမွေးမြူခြင်း၊ စပါးစိုက်ပျိုးခြင်း၊ နေကြာရိတ်သိမ်းခြင်းနှင့် ဆီထုတ်လုပ်ခြင်း၊ ခေတ်မီစက်ယန္တရားများနှင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စက်ယန္တရားများဖြင့် တိရစ္ဆာန်များကို အစာကျွေးခြင်း ဗီဒီယိုဖိုင်များကို လေ့လာကြည့်ရှုကြသည်။

**ဆီထွက်သီးနှံများ အထွက်နှုန်းတိုးမြှင့်ရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ရေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ယနေ့ မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး၊ စီးပွားတိုးတက်စေရေးအတွက် အဓိကကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လက်တွေ့ကျကျ ဆွေးနွေးမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံ၊ ကော်ဖီနှင့် ဆက်စပ်သီးနှံများနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန်ဖြစ်ကြောင်း၊ နှစ်စဉ် ပြည်ပမှစားသုံးဆီများ တင်သွင်းနေရသဖြင့် ပြည်တွင်း ဆီစားသုံးမှု ဖူလုံမှုရှိစေရေး အလေးထားဆောင်ရွက်ကြရန် မိမိတို့ စတင်တာဝန်ယူစဉ်ကတည်းက ပြောကြားခဲ့ပြီး အထောက်အကူဖြစ်စေရေးအတွက်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် စားသုံးဆီတင်သွင်းမှုအနေဖြင့် လျော့ကျခြင်းမရှိသည်ကို တွေ့ရှိရပြီး လက်ရှိအချိန်အထိ တင်သွင်းနေရဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ စားသုံးဆီရရှိရေးအတွက် စိုက်ပျိုးထုတ်လုပ်နိုင်မည့် စိုက်ပျိုး

မြေများ၊ လိုအပ်သည့်သွင်းအားစုရေနှင့် လူ့စွမ်းအား အရင်းအမြစ်များရှိသော်လည်း စားသုံးဆီဖူလုံစွာ ထုတ်လုပ်နိုင်ခြင်းမရှိသည်မှာ မဖြစ်သင့်ကြောင်း၊ ဆီထွက်သီးနှံများ ဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့အနက် မြေပဲသည် တစ်ဧကအထွက်နှုန်းကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ အချက်အလက်များအရ နေကြာသည် မြေပဲနှင့် နှမ်းတို့ထက် ဆီအထွက်နှုန်း ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၌ အထက်ပါဆီထွက်သီးနှံသုံးမျိုးလုံး အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည်ကိုတွေ့ရှိရကြောင်း၊ နေကြာစိုက်ပျိုးမှုတွင် ဝတ်မှုန်ကူးမှုအောင်မြင်စေရေးအတွက် ပျားမွေးမြူရေးကိုပါတွဲ၍ ဆောင်ရွက်ရန်လိုသည်ကို တွေ့မြင်ရကြောင်း၊ ဆီထွက်သီးနှံများသည် လေးလတာကာလအတွင်း စိုက်ပျိုးထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် နှစ်သီးစိုက်ပျိုး၍ရသည်ကို တွေ့ရှိရသောကြောင့် မည်ကဲ့သို့ အောင်မြင်အောင် ဆောင်ရွက်ရမည်ကို အဖြေရှာ ဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းပညာသော မျိုးကောင်းမျိုးသန့် ရရှိအောင်ဆောင်ရွက်ရန်၊ မြေကိုစနစ်တကျပြုပြင် ဆောင်ရွက်ရန်၊ အောင်ရေရရှိရန်၊ စိုက်နည်းစနစ်များ မှန်ကန်ရန် အဓိကကျကြောင်း၊ လက်ရှိဆီထွက်သီးနှံ စိုက်ဧကများသည် လုံလောက်သည့် အနေအထားတွင်ရှိပြီး ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သီးထပ်စွမ်းအားများ ကောင်းမွန်စေရေးအတွက်လည်း မတူညီသည့်ရာသီဥတုတွင် လိုအပ်သည့်သွင်းအားစုများရရှိအောင် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ပညာရှင်များအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုပြီး အခြားနိုင်ငံများ၏ စိုက်ပျိုးရေးတွင် အောင်မြင်စွာ ဆောင်ရွက်နေကြသည့် နည်းပညာများကိုလည်း အတုယူဆောင်ရွက်ကြရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များအား စနစ်တကျပြုပြင်ထားသည့်မြေတွင် မြေသြဇာပြည့်မီစွာ ထည့်သွင်းခြင်း၊ အောင်ရေရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းများပြည့်မီလာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကို ဗဟိုပြု၍ မြစ်၏အရှေ့၊ အနောက်နှင့် မြစ်လက်တက်များကို အားပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း၊ အခြားသောမြစ်များ၊ ချောင်းများ များစွာလည်းရှိပြီးဖြစ်သဖြင့် တစ်နိုင်ငံလုံးတွင် ရေနှင့်ပတ်သက်၍ အထောက်အကူရရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်း နွေရာသီကာလ၌ ရေရရှိရန် အခက်အခဲရှိသည့် ဒေသအချို့လည်းရှိကြောင်း၊ ထိုကဲ့သို့ အခက်အခဲရှိသည့် ဒေသများ၌ ဆိုလာကို အသုံးပြု၍ မြစ်ရေတင်ခြင်းများ၊ ရေရရှိနိုင်သည့် အရင်းအမြစ်များမှ ရေသွင်းစိုက်ပျိုးခြင်းတို့ဖြင့် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေနှင့် အောင်ရေကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိစေရေးသည်လည်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အဓိကကျကြောင်း၊ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီသည့် ထွက်ရှိမှုများသည် မိမိတို့အတွက် အနုတ်လက္ခဏာပြနေသည်ကို သတိပြုမိကြရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်ပါက တစ်ဧကအထွက်နှုန်း တိုးမြှင့်နိုင်ရေးသည် အဓိကထားဆောင်ရွက်ကြရမည့် လုပ်ငန်းအဖြစ် မှာကြားလိုကြောင်း။

သီးနှံများအနက် စပါးစိုက်ပျိုး၍ရသည့် မြေနေရာသည် အခြားသီးနှံများလည်း အောင်မြင်စွာ ဖြစ်ထွန်းသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် စပါးစိုက်ပျိုးသည့် မြေနေရာများ၌ ရာသီဥတုအရ၊ မြေအခြေအနေအရ သင့်လျော်ကိုက်ညီသည့် သီးထပ်သီးနှံများကိုလည်း စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

**စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံနှင့် ကော်ဖီသီးနှံများ အထွက်နှုန်းတိုးတက်အောင် ထုတ်လုပ်နိုင်ရန်လို**

စက်မှုကုန်ကြမ်းသီးနှံနှင့်ပတ်သက်၍ ဝါစိုက်ပျိုးရေး ဆောင်ရွက်ရာတွင် ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိအောင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တစ်ဧကသတ်မှတ်အထွက်နှုန်း ပိဿာ ၁၀၀၀ ထွက်ရှိမည်ဆိုပါက ဝါဂွမ်းပိဿာ ၃၅၀၊ ဝါစေ့ ဆီ ၅၂ ဒသမ ၅ ပိဿာ၊ ဝါစေ့ဆီချေး ၁၇ ဒသမ ၅ ပိဿာ၊ လင်တာဂွမ်း(အမျှင်တို) ပိဿာ ၄၀ ၊ ဝါစေ့ ကြိတ်ဖတ်ပိဿာ ၅၄၀ ၊ ချည်ပိဿာချိန် ၁၀၀၈ ပေါင် ထွက်ရှိမည်ဖြစ်သဖြင့် ချည်ပိတ် ၃၉၁၆ ကိုက် ထွက်ရှိမည်ဟုသိရကြောင်း၊ ဝါစိုက်ဧက ၅ သိန်း စိုက်ပျိုးနိုင်မည်ဆိုပါက ချည်ပိတ် ကိုက်သန်းပေါင်း

၅၈ သန်းထွက်ရှိမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံလူဦးရေ သန်း ၅၀ နှင့် တွက်ချက်ကြည့်ပါက လူတစ်ဦး တစ်နှစ်လျှင် ချည်ပိတ်ကိုက် ၄၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ပိဿာချိန် ၇၀၀ ထွက်ရှိမည်ဆိုပါက လူဦးရေသန်း ၅၀ တွင် တစ်ဦးလျှင် ချည်ပိတ်ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ဝါစိုက်ပျိုးမှုကို ဧက ၅ သိန်း စိုက်ပျိုးပြီး သတ်မှတ်ပန်းတိုင် ရည်မှန်းချက်များအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းချည် သုံးစွဲမှုကို ဖူလုံစေမည်ဖြစ်သဖြင့် နိုင်ငံ့ဝင်ငွေရရှိရေးကို ကြီးမားစွာ အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးမှုကို ဝန်ကြီးဌာနများအနေဖြင့် အလေးထား ဆောင်ရွက်ရန်လိုကြောင်း။

> ပြည်တွင်းမှထွက်ရှိသည့် ချည်များကို အထည်ချုပ်လုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်းကြောင့် ချည်ထည်လုပ်ငန်းများဖြင့် CMP လုပ်ငန်းနှင့် MSME လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်၊ ကော်ဖီထွက်ကုန်များသည် ကမ္ဘာပေါ်တွင် အမြဲလိုအပ်မှုရှိသည့် ကုန်ပစ္စည်းများဖြစ်၊ မိမိတို့နိုင်ငံတွင် ကော်ဖီစိုက်ပျိုးနိုင်သည့် မြေနေရာများစွာရှိသဖြင့် ကော်ဖီစိုက်ပျိုးရေး စီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက ကော်ဖီပို့ကုန်များကို များစွာမြှင့်တင်နိုင်မည်ဖြစ်၊ နွားမွေးမြူရေးနှင့် ကျွဲမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ နို့ထွက်ပစ္စည်း ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်ပြီး ပြည်တွင်း၌ နို့ထွက်ပစ္စည်းများ ဖူလုံအောင် ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပငွေ သုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်။

**ပြည်တွင်းမှထွက်ရှိသည့် ချည်များကို အထည်ချုပ်လုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်းကြောင့် ချည်ထည်လုပ်ငန်းများဖြင့် CMP လုပ်ငန်းနှင့် MSME လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ ချည်ထည်များကို တန်ဖိုးမြှင့်ချည်ထည်များအထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ တန်ဖိုးမြှင့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် တပ်မတော်ကို တာဝန်ပေး ဆောင်ရွက်စေလျက်ရှိကြောင်း။

ကြံစိုက်ပျိုးမှုနှင့်ပတ်သက်၍ လက်ရှိပျမ်းမျှ အထွက်နှုန်းမှာ ၂၆ တန်ခန့်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကြံနှင့်ပတ်သက်၍ လက်ရှိအထွက်နှုန်းအတိုင်း တွက်ချက်မည်ဆိုပါက ပြည်တွင်းဖူလုံမှုမှာ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၁၁၂ ရာခိုင်နှုန်းရှိကြောင်း၊ တန် ၃၀ နှုန်းဖြင့် တွက်ချက်မည်ဆိုပါက ပြည်တွင်းဖူလုံမှု ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ကြံစိုက်ပျိုးမှုကို စိုက်ဧကတိုးချဲ့ရန်မလိုဘဲ အထွက်နှုန်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မီ စိုက်ပျိုးနိုင်ရေး၊ ကြံအထွက်နှုန်းများ တိုးတက်စေရေးနှင့် သကြားထုတ်လုပ်မှု တိုးတက်စေရေးတို့အတွက်လည်း ပြည်ပနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကြံစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်တွင်းသကြား လုံလောက်ရုံသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း။

ကော်ဖီသီးနှံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင် တပ်မတော်အစိုးရလက်ထက်မှစ၍ ကော်ဖီစိုက်ပျိုးရေးကို အားပေးဆောင်ရွက်ခဲ့သော်လည်း လက်တွေ့လုပ်ဆောင်ရာ၌ လိုက်ပါလုပ်ဆောင်မှုအားနည်းခဲ့၍ အောင်မြင်မှု နည်းပါးခဲ့ကြောင်း၊ ကော်ဖီစိုက်ပျိုးရန် ခွင့်ပြုထားသည့် မြေများကို အခြားနည်းများဖြင့် သုံးစွဲနေကြခြင်းနှင့် သတ်မှတ်ထားသည့်အတိုင်း စိုက်ပျိုးခြင်း မပြုခြင်းများ ကြောင့်ဖြစ်သည်ကို တွေ့ရှိရသဖြင့် မိမိတို့အနေဖြင့် ကော်ဖီများ စနစ်တကျစိုက်ပျိုးစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်ဖီထွက်ကုန်များသည်

ကမ္ဘာပေါ်တွင် အမြဲလိုအပ်မှုရှိသည့် ကုန်ပစ္စည်းများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကော်ဖီစိုက်ပျိုးနိုင်သည့် မြေနေရာများစွာရှိသဖြင့် ကော်ဖီစိုက်ပျိုးရေး စီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက ကော်ဖီပို့ကုန်များကို များစွာမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအချိန်မှစ၍ ကော်ဖီစိုက်ပျိုးရေး စီမံကိန်းများကို စတင်ဆောင်ရွက်သွားမည်ဆိုပါက နောင်ကာလများတွင် မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် ကော်ဖီတင်ပို့သည့် ထိပ်တန်းနိုင်ငံသို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးနှင့် ပတ်သက်၍လည်း အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

**နို့ထွက်ပစ္စည်းများထုတ်လုပ်နိုင်ရေး ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းများ အားပေးဆောင်ရွက်**

မိမိတို့နိုင်ငံအနေဖြင့် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ပြည်တွင်း၌ နွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် တိရစ္ဆာန်အစာများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ အဓိကအားဖြင့် နည်းပညာအားဖြင့် မမြင့်မားသော နို့ထွက်ပစ္စည်းများဖြစ်သည့် နို့ဆီနှင့် နို့စိမ်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နွားနို့သာမက ကျွဲနို့ကိုလည်း နို့ထွက်ပစ္စည်းအဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို သမဝါယမအသင်းများဖွဲ့စည်း၍ မွေးမြူနိုင်ရေး ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ နွားမွေးမြူရေးနှင့် ကျွဲမွေးမြူရေးလုပ်ငန်းများကိုအောင်မြင်အောင်ဆောင်ရွက်၍ နို့ထွက်ပစ္စည်း ထုတ်လုပ်သည့်စက်ရုံများ တည်ဆောက်ပြီး ပြည်တွင်း၌ နို့ထွက်ပစ္စည်းများဖူလုံအောင် ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

**ကုန်ထုတ်လုပ်ငန်းများ တိုးတက်ခြင်းဖြင့် နိုင်ငံ့စီးပွား တိုးတက်ပြောင်းလဲ**

မိမိတို့အနေဖြင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသည့် စားသုံးဆီများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ချည်ထည်ပစ္စည်းများကို ပြည်တွင်းလုံလောက်စွာထုတ်လုပ်နိုင်ပြီး ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည် ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံခြားငွေများကိုပါ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်လာခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပြည်သူတစ်ဦးချင်း၏ ဝင်ငွေများ တိုးတက်လာပြီး လူမှုစီးပွားများ တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး များစွာပြောင်းလဲသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အမြဲမပြတ်တိုက်တွန်းပြောကြားနေခြင်းဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင်လည်း တက်ရောက်လာကြသူများအနေဖြင့် နိုင်ငံ့အကျိုးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး**

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆီထွက်သီးနှံများ စိုက်ပျိုးထွက်ရှိမှုနှင့် ပြည်တွင်းဆီဖူလုံမှုအခြေအနေများ၊ ပြည်တွင်းဆီဖူလုံမှု တိုးမြှင့်နိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုနှင့် လျာထားချက်များအတိုင်း ထွက်ရှိလာမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည့် အခြေအနေများ၊ စိုက်ပျိုးထွက်ရှိလာသည့် ဆီထွက်သီးနှံများမှ ဆီများထုတ်လုပ်နိုင်ရေး ဆီကြိတ်စက်ရုံများတည်ဆောက်ရန် လျာထားမှု၊ ဝါစိုက်ပျိုးမှု၊ ထွက်ရှိမှုနှင့် ပြည်တွင်းချည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဝါစေ့မှ ဆီထုတ်လုပ်၍ တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်မှု၊ ဝါစိုက်ပျိုးမှု တိုးချဲ့နိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ စိုက်ကေများ အမှန်အတိုင်း ကောက်ယူရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပြည်ပနိုင်ငံများနှင့် ပူးပေါင်းသုတေသနပြု စမ်းသပ်စိုက်ပျိုးဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကော်ဖီစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မှု၊ ကြံများစိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ဂျုံစိုက်ပျိုးမှုများ တိုးတက်ရေးဆောင်ရွက်နေမှု၊ နို့စားနွားများ မွေးမြူ၍ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နို့စားနွားများသာမက ဒေသနွားနှင့် ကျွဲများမှလည်း နို့များထုတ်လုပ်လျက်ရှိမှု၊ နို့ထွက်ပစ္စည်းများ ပိုမိုတိုးတက်

ထုတ်လုပ်နိုင်ရေးအတွက် နို့စားနွားများ တိုးမြှင့်မွေးမြူရန်လိုအပ်မှု အခြေအနေများကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးရေမျှားလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးခဲ့မှု၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစု လိုအပ်ချက်များရရှိရေး ဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းချည်ထည်များထုတ်လုပ်လျက်ရှိမှုနှင့် ပြည်တွင်းချည်လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ချည်ထည်များ ထုတ်လုပ်ခြင်းကို MSME လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်မှု၊ သကြားစက်ရုံများ လည်ပတ်ထုတ်လုပ်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှစ်အလိုက် ဆီထွက်သီးနှံများ၊ ကော်ဖီထွက်ကုန်များ၊ ကြံထွက်ပစ္စည်းများ၊ ရော်ဘာထွက်ကုန်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချနိုင်ခဲ့မှု၊ စားသုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုများ၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ၊ ပိုးသတ်ဆေးများ တင်သွင်းခဲ့မှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးလုပ်ငန်းများကို နှစ်အလိုက် ကြိုတင်လျာထားဆောင်ရွက်သင့်သည့် အခြေအနေများ၊ အရည်အသွေးမီ နေကြာဆီများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သင့်သည့် အခြေအနေများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သကြားစက်ရုံများအလိုက် ကြံစိုက်ပျိုးမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် ကြံမျိုးများအလိုက် သကြားထုတ်လုပ်နိုင်မှု အထွက်နှုန်းများနှင့် အထွက်နှုန်းတိုးတက်ရေးဆောင်ရွက်သွားမည့် အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ နို့ထွက်ပစ္စည်းများနှင့် အသား၊ ငါးများ ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက ကြံစိုက်ပျိုးရေးလုပ်ငန်းများနှင့် သကြားထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်စေရေး သုတေသနပြု ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး မြစ်ရေတင်လုပ်ငန်းများ၊ ချောင်းပိတ်ဆည်များ၊ စက်ရေတွင်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး ရေတင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သမဝါယမ အသင်းအဖွဲ့များဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုများကို ရှင်းလင်းတင်ပြသည်။

**တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး**

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် စိုက်ကေအမှန်အတိုင်း စိုက်ပျိုးရန်လိုကြောင်း၊ ရာသီအလိုက် စိုက်ပျိုးသည့် ဧကအမှန်အတိုင်း တင်ပြနိုင်ရန်လိုပြီး မည်သည့်ရာသီ၊ မည်သည့်သီးနှံများ စိုက်ပျိုးသည်ဖြစ်စေ စိုက်ဧကများအတိုင်း အပြည့်အဝ စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးသီးနှံများကို စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များဖြင့် နည်းစနစ်တကျ စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ထွက်ရှိသည့်ကြံများမှ သကြားအပြည့်အဝထုတ်လုပ်နိုင်ရေး စက်ရုံများ၏ထုတ်လုပ်နိုင်မှု စက်စွမ်းအားများကို ပြန်လည်စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ ကြံစိုက်ဧကများကို တိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းချည် လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်နိုင်ရန် လိုသကဲ့သို့ ချည်မျှင်စက်ရုံများ တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်သွားရန် လိုကြောင်း၊ **ဝါကြိတ်စက်၊ ချည်ငင်စက်၊ ချည်ထည်ပစ္စည်းများကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ အလုပ်ကိုင်အခွင့်အလမ်းများ**

**တိုးတက်လာမည်ဖြစ်သဖြင့် အမျိုးသားရေးအဖြစ် ဆောင်ရွက်စေလို**ကြောင်း၊ နွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျေးလက်ဒေသများ၌ ယခင်ကကဲ့သို့ ပြန်လည်တိုးတက်မွေးမြူရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မွေးမြူသူများအတွက် လက်လှမ်းမီသောဈေးကွက် ဖန်တီးပေးရန်လိုကြောင်း၊ အိမ်၊ ကျေးရွာအလိုက် နွားနို့စုဆောင်းရန်နေရာ (Milk Collection Center)များပြုလုပ်၍ ဝယ်ယူပေးရန်လိုကြောင်း၊ ၄၈နာရီအတွင်း နို့ချက်စက်ရုံသို့ ပို့ပေးနိုင်ရန်လိုကြောင်း၊ သွင်းကုန်ပစ္စည်းများကို တင်သွင်းရာတွင် ပြည်တွင်း၌ ထုတ်လုပ်၍ရနိုင်သည့် ပစ္စည်းများကို တင်သွင်းခြင်းထက် နိုင်ငံအတွက် အမှန်တကယ်လိုအပ်သည့် ပစ္စည်းများကိုသာ တင်သွင်းရန်လိုကြောင်း။

ပြည်တွင်း နို့ထွက်ပစ္စည်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နို့စားနွားမွေးမြူခြင်းများကို တိုးချဲ့မွေးမြူရန်လိုကြောင်း၊ နို့ဆီ၊ နို့စိမ်း၊ အသင့်သောက်နွားနို့မှစ၍ နို့ထွက်ပစ္စည်းများအား အဆင့်မြင့်ထုတ်ကုန်များအထိ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် နို့ထွက်ပစ္စည်းစက်ရုံများ တည်ဆောက်လည်ပတ်နိုင်ရန် တိုင်းရင်းသားလုပ်ငန်းရှင်များကိုဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ **မိုးစပါး ၁၄ သန်းကျော် စိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိသည့် ကောက်ရိုးများအား တိရစ္ဆာန်အစာများပြုလုပ်နိုင်သကဲ့သို့ ပျော့ဖတ်လုပ်ငန်းများတွင်လည်း အသုံးပြုနိုင်သဖြင့် အကျိုးရှိစွာအသုံးပြုနိုင်ရန်လို**ကြောင်း၊ ပြောင်းစိုက်ပျိုးရေး၌လည်း အလားတူပင်ဖြစ်ကြောင်း၊ လယ်ယာထွက်ကောက်ရိုးပင်စည်ပျော့တို့မှ သဘာဝမြေသြဇာ၊ ထင်းအစားထိုးလောင်စာ၊ တိရစ္ဆာန်အစာ၊ ကမ္ဘာ၌ လိုအပ်ချက်မြင့်မားသော ပျော့ဖတ်တို့ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးခဲ့သည့် အချက်အလက်များအပေါ်လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ဆွေးနွေးဆောင်ရွက်မှုများသည် များစွာအကျိုးရှိကြောင်း၊ ဆွေးနွေးခဲ့သည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ဝါစိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးတို့ကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ဧကများ တိုးချဲ့ခြင်းထက် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ **စတင်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းသည့်အချိန်အထိ အဆင့်ဆင့်ထွက်ရှိလာသည်များသည် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်**ကြောင်း၊ **ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းနှင့် ထုတ်လုပ်မှုများအတွက် တန်ဖိုးများမြင့်တက်လာမည်ဖြစ်**ကြောင်း၊ **စိုက်ပျိုးသည်မှသည် ကုန်ချောထွက်ရှိသည်အထိ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ကုန်ထုတ်လုပ်စားသုံးမှု ကွင်းဆက် (Supply Chain) တစ်ခုလုံး၌ အလုပ်အကိုင်ရရှိမှု၊ ကုန်ထုတ်လုပ်မှုများ များစွာ ဆက်စပ်တိုးတက်လာမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုများအတွက် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူ

**ဝါကြိတ်စက်၊ ချည်ငင်စက်၊ ချည်ထည်ပစ္စည်းများကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ အလုပ်ကိုင်အခွင့်အလမ်းများ တိုးတက်လာမည်၊**
**ဝါစိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးတို့ကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်သွားရန်လို၊**
**စိုက်ဧကများ တိုးချဲ့ခြင်းထက် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လို၊ စတင်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းသည့် အချိန်အထိ အဆင့်ဆင့်ထွက်ရှိလာသည်များသည် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်။**

ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာရှင်များ မွေးထုတ်ပေးရာတွင် ဒီပလိုမာအဆင့်မှ ဘွဲ့ကြို ဘွဲ့လွန်အထိ မွေးထုတ်ပေးနိုင်ရေး ကျောင်းများတိုးချဲ့ပေးရန်လိုကြောင်း၊ မွေးမြူရေးဒီပလိုမာပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြန်ဆန်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယနေ့ ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရလဒ်များကောင်းမွန်သည်ကိုတွေ့ရှိရပြီး ဆွေးနွေးခဲ့သည့် အချက်အလက်များအပေါ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

■ ■ ■

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၁၇ - ၂ - ၂၀၂၄ )






ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး(YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလမဏ္ဍ ဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို)ရုံး၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)၏ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလမဏ္ဍဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် နာယကများ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလမဏ္ဍ ဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ကြီး (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် နာယကများ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို) ရုံး ဧည့်ခန်းမဆောင်၌ YMBA အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲထွန်း က ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးမှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဘိဓမ္မာနှင့် ယဉ်ကျေးလိမ္မာသင်တန်း များ၊ ဘာသာစကားသင်တန်းများ သင်ကြားပို့ချပေး

လျက်ရှိမှု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် YMBA အသင်းသားများမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိမှု၊ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအတွက် အစုအဖွဲ့များ စုဖွဲ့ထားရှိမှု၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ရုံးချုပ်အဆောက်အအုံသစ် တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိမှုနှင့် အဆိုပါအဆောက်အအုံသစ်အတွင်း၌ YMBA အသင်းကြီး၏ သမိုင်းဝင်ပြခန်းအပါအဝင် အခန်းများအလိုက် နေရာချထားရန်လျာထားမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး (YMBA) ၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလမဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုံးချုပ်အဆောက်အအုံသစ်အား တည်ဆောက်ရာတွင် စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ YMBA အသင်းကြီး စတင်ဖွဲ့စည်းစဉ်ကတည်းက ရည်ရွယ်ချက်သည် **“အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ”** ကြီးပွားမြင့်မားရေးပင်ဖြစ်ကြောင်း၊ **အမျိုးဘာသာသာသနာ ပညာစောင့်ရှောက်ရေးသည် နိုင်ငံ့အရေးပင်ဖြစ်ပြီး နိုင်ငံ့အရေးနှင့် ပတ်သက်၍ နိုင်ငံတော်တွင်ရှိသည့် နိုင်ငံသားတိုင်းတွင် တာဝန်ရှိ**ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့်လည်း နိုင်ငံ့အရေးကို ဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ YMBA အသင်းကြီးအနေဖြင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတို့ဖြင့် နိုင်ငံ့အရေးကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူငယ်လူရွယ်များကို ယဉ်ကျေးသိမ်မွေ့အောင် ဆောင်ရွက်ပေးပြီး ကောင်းမွန်သည့် လူမှုအသိုင်းအဝိုင်းကို ဖော်ဆောင်ပေးကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် YMBA အသင်းကြီးအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်ခွန်အားကို တည်ဆောက်ပေးရမည်ဖြစ်ကြောင်း၊ **လူငယ်လူရွယ်များအနေဖြင့် မူလအခြေခံစိတ်ဓာတ်ကောင်းများရရှိစေရေး၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ရရှိစေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ်တွင် ထားရှိသည့် စိတ်ဓာတ်များကောင်းမွန်စေရေးနှင့် မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း။

> **YMBA အသင်းကြီး စတင်ဖွဲ့စည်းစဉ်ကတည်းက ရည်ရွယ်ချက်သည် “အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ” ကြီးပွားမြင့်မားရေးပင်ဖြစ်၊ အမျိုးဘာသာသာသနာ ပညာစောင့်ရှောက်ရေးသည် နိုင်ငံ့အရေးပင် ဖြစ်ပြီး နိုင်ငံ့အရေးနှင့် ပတ်သက်၍ နိုင်ငံတော်တွင်ရှိသည့် နိုင်ငံသားတိုင်းတွင် တာဝန်ရှိ၊ လူငယ်လူရွယ်များ အနေဖြင့် မူလအခြေခံစိတ်ဓာတ်ကောင်း များရရှိစေရေး၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ရရှိစေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့ အပေါ်တွင် ထားရှိသည့် စိတ်ဓာတ်များ ကောင်းမွန်စေရေးနှင့် မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်။**

လက်ရှိအချိန်တွင် လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်ကို ထိခိုက်ပျက်စီးစေလိုသည့် ပြည်တွင်း၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်သူများ၊ နိုင်ငံရေးအရ အစွန်းရောက်သူများ၏ ပယောဂများကြောင့် အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်နေကြသည်ကို စိတ်မကောင်းဖြစ်ဖွယ်တွေ့မြင်ရကြောင်း၊ နိုင်ငံတော်၏ အဖိုးတန် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင်ပါဝင်မှုမရှိဘဲ အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်နေသည့် လမ်းကြောင်းအမှားပေါ်သို့ ရောက်ရှိနေသည်မှာ နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာပင်ဖြစ်ကြောင်း၊ အဆိုပါလူငယ်များ မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း။

**ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး**

လူငယ်များကို ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး

ဆောင်ရွက်ရာတွင် ထိရောက်သည့် လူသားအရင်းအမြစ်များအဖြစ် မွေးထုတ်ပေးရန်လိုကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးဟု ချမှတ်ထားသကဲ့သို့ YMBA အသင်းကြီး၏ ရည်ရွယ်ချက်တွင်လည်း လူငယ်များ၏ ကာယဗလ၊ ဉာဏဗလနှင့် စိတ္တဗလများ ကောင်းမွန်စေရေး ချမှတ်ထားခြင်းဖြစ်သဖြင့် နိုင်ငံကောင်းမွန်ရန်အတွက် တူညီသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ YMBA အသင်းကြီးကို စတင်ဖွဲ့စည်းခဲ့သည့် ခေါင်းဆောင်များနှင့် ခေတ်အဆက်ဆက် တာဝန်ယူထမ်းဆောင်ခဲ့သည့် ခေါင်းဆောင်များအနေဖြင့် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ခဲ့ကြသကဲ့သို့ ယခုအချိန်တွင်လည်း အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး YMBA အသင်းကြီးအနေဖြင့် ဆောင်ရွက်စေလိုကြောင်း။

YMBA အသင်းကြီးအနေဖြင့် အမျိုးသားရေးကို ဦးဆောင်နိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ရန်လိုပြီး နိုင်ငံရေးမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်ကြစေလိုကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပေါ်အောင် လှုံ့ဆော်နေသူများ၊ ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံ့အရေးကို ဆောင်ရွက်နေခြင်း မဟုတ်ဘဲ တိုင်းပြည်၏ အနာဂတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံး တူညီသည့် အခွင့်အရေးများ ပေးထားပြီးဖြစ်သော်လည်း နိုင်ငံရေးကို သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ခြင်း မရှိသောကြောင့် ယခုကဲ့သို့သော တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း။

**ခံယူချက်ကောင်းမွန်ရမည်**

နိုင်ငံတော်ကိုကာကွယ်ရန်အတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပြီး တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို လုံးဝ အထိခိုက်ခံမည်မဟုတ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ပြည်ထောင်စုစိတ်ဓာတ်များ မွေးမြူနိုင်ရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြစ်ပေါ်စေရေး နည်းလမ်းများရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူများအားလုံးအနေဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ခံယူချက်ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးအတွက်ခံယူချက်ကောင်းမွန်သည့်စိတ်ဓာတ်နှင့်ဆောင်ရွက်မှသာလျှင် ရုပ်ပိုင်းဆိုင်ရာများလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း။

ယခုအခါ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အာဏာတည်စေခဲ့ပြီး ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ YMBA အသင်းကြီးအနေဖြင့်လည်း ဗလငါးတန်ပြည့်ဝအောင် ဆောင်ရွက်ရာတွင် အဆိုပါအချက်ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ YMBA အသင်းကြီးအနေဖြင့် စတင်ဖွဲ့စည်းစဉ်ကတည်းက ဘာသာရေးဆိုသည်ထက် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးဖြစ်သည့် လူမှုရေးကို အခြေခံသည့် အမျိုးသားရေးအဖွဲ့အစည်းဖြစ်ပြီး ကာယ၊ ဉာဏ၊ စိတ္တအားများဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့် အင်အားကိုသာ သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်ရန်ဖြစ်ပြီး နိုင်ငံအတွက်၊ ပြည်သူ့အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း ထုတ်ပြန်ထားသည့် ဥပဒေကို လေ့လာခြင်းမရှိဘဲ အခြေအမြစ်မရှိသည့် သတင်းမှားများ၊ ထင်မြင်သုံးသပ်ချက်များ အပေါ်တွင် အခြေခံ၍ သွေးထိုးလှုံ့ဆော်နေသည်များရှိကြကြောင်း၊ နယ်အသီးသီးရှိ YMBA အသင်းအဖွဲ့များအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ မိမိကိုယ်တိုင်လည်း သိရှိနားလည်ရန်လိုအပ်ပြီး ပြည်သူများ အသိအမြင်မှန်များရရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း။

**နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့် စိတ်ဓာတ်များ ရရှိလာမည်**

ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း၊ အမျိုးသားစစ်မှုထမ်း

ဆောင်ခြင်းဖြင့် နိုင်ငံသားများအနေဖြင့် အဖွဲ့အစည်းစိတ်ဓာတ်များ(Team Sprit)၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team Work)တို့ဖြင့် နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်များ ရရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်ရန် ထမ်းဆောင်လိုသည့် စိတ်ဓာတ်သည် မြင့်မြတ်သည့် စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ယခုအခါ စစ်မှုထမ်းဟောင်းများမှ တာဝန်ပြန်လည်ထမ်းဆောင်ရန် ဆန္ဒပြုသူများရှိသကဲ့ စစ်မှုထမ်းမဟုတ်သော်လည်း တပ်မတော်အတွင်းသို့ပါဝင်ထမ်းဆောင်လိုသည့်အတွက် လာရောက်ဆန္ဒပြုသူများ များပြားစွာရှိနေကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် စိတ်ဓာတ်များ လူငယ်များတွင် ရရှိစေရေး YMBA အသင်းကြီးအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ **နိုင်ငံ့အရေးအတွက် ဆောင်ရွက်ရာတွင် YMBA အသင်းကြီးသည် လူမှုရေး အဖွဲ့အစည်းများတွင် အရေးပါသည့် အဖွဲ့အစည်းကြီး ဖြစ်သဖြင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်ကြရန်လိုပြီး လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကို စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း** ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်သူများ သတင်းမှန်များသိရှိရေး၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ အသိအမြင်အမှန်များရရှိပြီး စိုးရိမ်ပူပန်မှုများ မရှိစေရေး၊ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ လုံခြုံစိတ်ချရမှုရှိစေရေး၊ တိုင်းပြည်၏ အနာဂတ်ဖြစ်သည့် လူငယ်လူရွယ်များ အခန်းကဏ္ဍတိုးတက်မြင့်မားစေရေး၊ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ပြည်ထောင်စုစိတ်ဓာတ်များ၊ အမျိုးသားသွေးစည်းညီညွတ်ရေး စိတ်ဓာတ်များ တည်ဆောက်ရေးတို့အတွက် အစိုးရပိုင်းဆိုင်ရာ တာဝန်ရှိသူများမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ YMBA အသင်းကြီး အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

**အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ်ဆောင်ရွက်**

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး (YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင် နာယကအဂ္ဂမဟာမင်္ဂလဓမ္မ ဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံကို ကောင်းမွန်အောင်၊ လုံခြုံစိတ်ချရပြီး တိုးတက်မှုရှိအောင် ပုံဖော်တည်ဆောက်ရာတွင် လူကြီးများသည် ၎င်းတို့ဖြတ်သန်းလာကြသည့် အတွေ့အကြုံများ၊ အသိအမြင်များကို တွန်းအား၊ ဆွဲအားအဖြစ် အသုံးပြုကြရပြီး လူငယ်၊ လူရွယ်များမှ ၎င်းတို့၏ နုပျိုသည့် ခွန်အားများဖြင့် လိုက်ပါဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံ ကောင်းမွန်စေရေးအတွက် မိသားစုဝင်များ၊ နိုင်ငံသူ၊ နိုင်ငံသားများကသာ ဆောင်ရွက်ရမည်ဖြစ်သည့်

**လူငယ်လူရွယ်များအနေဖြင့် မူလအခြေခံ စိတ်ဓာတ်ကောင်းများရရှိစေရေး၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာကို ကာကွယ် ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ရရှိစေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ်တွင် ထားရှိသည့် စိတ်ဓာတ်များကောင်းမွန်စေရေးနှင့် မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်၊ နိုင်ငံ့အရေးအတွက် ဆောင်ရွက်ရာတွင် YMBA အသင်းကြီးသည် လူမှုရေး အဖွဲ့အစည်းများတွင် အရေးပါသည့် အဖွဲ့အစည်းကြီးဖြစ်သဖြင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်ကြရန်လိုပြီး လုပ်သင့် လုပ်ထိုက်သည့် ကိစ္စရပ်များကို စနစ်တကျ ဖြင့် ဆောင်ရွက်ကြရန်လို။**

အတွက် မိသားစုကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်များ ရရှိကြစေရေး မိမိတို့အနေဖြင့် အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် စုစည်းညီညွတ်သောပေါင်းစည်းစွမ်းအား(Well Organize) ဖြစ်အောင် နိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA) အနေဖြင့်လည်း အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ စောင့်ရှောက်ရေးနှင့် အမျိုးသားသွေးစည်းညီညွတ်ရေးကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ၂၀၂၄ ခုနှစ် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ် ပြောကြားသည့် အမှာစကား

( ၁၈ - ၂ - ၂၀၂၄ )





၂၀၂၄ ခုနှစ် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai နှင့် ကြွရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့က နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့အား တရုတ်ရိုးရာ နှစ်သစ်ကူးအထိမ်းအမှတ် ရွှေနဂါးရုပ်အား နတ်မင်းကြီးလေးပါးမှ ပေးအပ်ပြီး တရုတ်ရိုးရာ နှစ်သစ်ကူး အထိမ်းအမှတ် ပဝါများဖြင့် ဂါရဝပြုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားရာတွင် ပြီးခဲ့သည့် တရုတ်နှစ်သစ်ကူးပွဲတော်ကို တရုတ်နိုင်ငံတွင်သာမကဘဲ ကမ္ဘာတစ်ဝန်းလုံးတွင်ပါ စည်ကားသိုက်မြိုက်စွာဖြင့် ခမ်းနားစွာ ကျင်းပနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၄ ခုနှစ်သည် တရုတ်ရိုးရာအရ နဂါးနှစ်ဖြစ်ပါကြောင်း၊ နဂါးနှစ်သည် တရုတ်လူမျိုးတို့၏ ၁၂ နှစ်တွင် တစ်ကြိမ်သာ ကျရောက်သည့်အတွက် ကံကောင်းခြင်း၊ ကြွယ်ဝချမ်းသာခြင်း၊ ဘုန်းကံကြီးမားခြင်း၊ ဩဇာကြီးခြင်း၊ စီးပွားလာဘ်လာဘများ တိုးပွားခြင်းတို့ကို ကိုယ်စားပြုသည့်နှစ်ဟု သတ်မှတ်ယူဆကြပြီး ကြီးကျယ်ခမ်းနားသည့်ပွဲများနှင့် အရေးကြီးသည့် ဆုံးဖြတ်ချက်များကို ယခုနဂါးနှစ်အတွင်း ကျင်းပလေ့ရှိသည်ဟု သိရှိရပါကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို ကြည့်ပါက

မြန်မာနိုင်ငံ၏ ပျူခေတ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ တရုတ်နိုင်ငံကို သွားရောက်ခဲ့သည့် သမိုင်းမှတ်တမ်း အထောက်အထားများ တွေ့ရှိရပါကြောင်း၊ အဆိုပါအချက်များသည် ပျူခေတ်မတိုင်မီကတည်းက တရုတ်-မြန်မာ ဆက်ဆံရေးခိုင်မာခဲ့သည်ကို အထင်အရှား တွေ့ရှိရခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၁ နှစ်နှင့် ၉ လခန့်အကြာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်ခဲ့ပါကြောင်း၊ ထိုသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် ထူထောင်ခဲ့သည့်အပေါ် မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံး အသိအမှတ်ပြုခဲ့သကဲ့သို့ အဆိုပါအချိန်ကတည်းက တရုတ်တစ်နိုင်ငံတည်းဆိုသည့် မူဝါဒကိုသာ ကိုင်စွဲပြီး ယနေ့အချိန်အထိ ရပ်တည်လျက်ရှိသည့် ခိုင်မာသော အိမ်နီးချင်းနိုင်ငံတစ်ခုပင်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (Global Security Initiative–GSI)ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုများကိုလည်း မြန်မာနိုင်ငံအနေဖြင့် အစောဆုံး ထောက်ခံပေးခဲ့ပါကြောင်း။

ရှေးအစဉ်အဆက် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးစွာ တည်ဆောက်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နှင့်အညီ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသစွာ အပြန်အလှန် နားလည်မှုများနှင့် နေထိုင်ခဲ့ကြသဖြင့် ရံဖန်ရံခါ တွေ့ကြုံရသည့် ပဋိပက္ခအချို့ကို နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့ ငြိမ်းချမ်းစွာ အဖြေရှာပြီး ခိုင်မာသည့် ဆက်ဆံရေးကို ထိန်းသိမ်းတည်ဆောက်နိုင်ခဲ့ကြပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာ့အရေးနှင့်ပတ်သက်ပါက ခေတ်အဆက်ဆက် အိမ်နီးချင်းကောင်းဟူသည့် ဂုဏ်ပုဒ်အပြင် မိတ်ဆွေကောင်းဟူသည့် ခံယူချက်ဖြင့် ရပ်တည်ပေးခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး နိုင်ငံတကာစာမျက်နှာများတွင် မှန်ကန်သည့် လမ်းကြောင်းအတိုင်း ရပ်တည်ပေးလျက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးတို့၏ မိတ်ကောင်းဆွေမွန်ပီသမှုအတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိနိုင်ငံ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ယုံကြည်စိတ်ချရမှုများ ရရှိစေရေးအတွက်လည်း ဒေသအတွင်း၊ ဒေသအပြင်ဘက် အဖွဲ့အစည်းများဖွဲ့စည်းပြီး ကမ္ဘာ့အစုံဖွံ့ဖြိုးရေးကို ကြိုးစားဆောင်ရွက်နေကြပါကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုခုနစ်နှစ်ကျော်ကာလအတွင်း

ရှေးအစဉ်အဆက် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးစွာ တည်ဆောက်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နှင့်အညီ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသစွာ အပြန်အလှန် နားလည်မှုများနှင့် နေထိုင်ခဲ့ကြသဖြင့် ရံဖန်ရံခါ တွေ့ကြုံရသည့် ပဋိပက္ခအချို့ကို နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့ ငြိမ်းချမ်းစွာ အဖြေရှာပြီး ခိုင်မာသည့် ဆက်ဆံရေးကို ထိန်းသိမ်းတည်ဆောက်နိုင်ခဲ့၊ တရုတ်နိုင်ငံသည် မြန်မာ့အရေးနှင့် ပတ်သက်ပါက ခေတ်အဆက်ဆက် အိမ်နီးချင်းကောင်းဟူသည့် ဂုဏ်ပုဒ်အပြင် မိတ်ဆွေကောင်း ဟူသည့် ခံယူချက်ဖြင့် ရပ်တည်ပေးခဲ့သည့် နိုင်ငံဖြစ်၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးရာ ကိစ္စရပ်များ နှင့် ပတ်သက်ပြီး နိုင်ငံတကာစာမျက်နှာများ တွင် မှန်ကန်သည့် လမ်းကြောင်းအတိုင်း ရပ်တည်ပေးလျက်ရှိနေသည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးတို့၏ မိတ်ကောင်းဆွေမွန်ပီသမှုအတွက် အထူးပင် ကျေးဇူးတင်ရှိ။

မဲခေါင်–လန်ချန်း အထူးရန်ပုံငွေဖြင့် နယ်ပယ်ပေါင်းစုံတွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သောကြောင့် အဖွဲ့ဝင်နိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအဟန့်အတားဖြစ်စေသည့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ Online လောင်းကစားမှုများနှင့် Online လိမ်လည်မှုများကို နှိမ်နင်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်းကို ပြောကြားလိုပါကြောင်း၊ ထို့အပြင် တရုတ်–မြန်မာ နှစ်နိုင်ငံပူးပေါင်းပြီး နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်ရှိအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု ယုံကြည်ပါကြောင်း။

**ဝမ်းသာကြည်နူးမိ**

တရုတ်နှစ်သစ်ကူးကာလအတွင်း တရုတ်နိုင်ငံ၌ ပြည်သူများ စည်းလုံးညီညွတ်စိတ်အေးချမ်းသာစွာ ပျော်ရွှင်နေကြသည့် မြင်ကွင်းများကို မြင်တွေ့ရသည့်အတွက် တရုတ်ပြည်သူများနှင့်အတူ ဝမ်းသာကြည်နူးမိပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို အေးအတူပူအမျှ အသိုက်အဝန်းတစ်ခုအဖြစ် အတူယှဉ်တွဲနေထိုင်လျက်ရှိသောကြောင့် မိမိတို့ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင်လည်း တရုတ်နိုင်ငံနှင့် တရုတ်လူမျိုးများအနေဖြင့် ဆက်လက်ပြီး ကူညီဆောင်ရွက်ပေးရန် ပန်ကြားလိုပါကြောင်း။

ထူးခြားမှုအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက တရုတ်နှစ်သစ်ကူးနေ့ကို ယခုနှစ်မှစပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တွင် စတင်ကျင်းပခဲ့ကာ တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည်ကို တွေ့ရပါကြောင်း၊ ယင်းသည် တရုတ်နိုင်ငံနှင့် တရုတ်ပြည်သူများ၏ နိုင်ငံတကာရေးရာကိစ္စရပ်များတွင် တက်ကြွစွာဖြင့် ဘက်မလိုက်ဘဲ မှန်ကန်စွာ ဆောင်ရွက်ခဲ့မှုနှင့် ကမ္ဘာ့နိုင်ငံများက တရုတ်နိုင်ငံအပေါ် ယုံကြည်မှုရှိသည်ကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ သံလွင်၊ မဲခေါင်မြစ်နှစ်စင်းမှ အစပြုပြီး သဘာဝ တောတောင်ရေမြေများစွာ ထိစပ်နေသည့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ကောင်းမွန်သည့် ဆက်ဆံမှုများနှင့် တူညီသည့် ယဉ်ကျေးမှုများသည် ရေကိုတားသော် အကြားမထင်သကဲ့သို့ ဘယ်သူဖျက်ဖျက် ပျက်စီးမသွားဘဲ ခိုင်မာစွာ ဖြစ်တည်လျက်ရှိနေမည်ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ရှေးဘုရင်များလက်ထက်ကတည်းက ရွှေလမ်းငွေလမ်းဖောက်ပြီး နှစ်ပြည်ထောင်ချစ်ကြည်ရေးကို ခိုင်ခိုင်မြဲမြဲ တည်ဆောက်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သဖြင့် ဆွေမျိုးပေါက်ဖော်ရှိရင်းစွဲ သံယောဇဉ်တရား၊ မေတ္တာတရားများကို အဖိုးတန်အမွေကောင်းများအဖြစ် လက်ခံကျင့်သုံးပြီး အေးချမ်းသာယာသည့် လူမှုအသိုက်အဝန်းတစ်ခုကို လက်တွဲထူထောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# (၇၅) နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခမ်းအနားတွင် ဂုဏ်ပြုပြောကြားသည့် အမှာစကား

( ၂၄ - ၂ - ၂၀၂၄ )






(၇၅) နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အခမ်းအနားကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ စစ်ကြောရေးနှင့် တည်ခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ (၇၅) နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အငြိမ်းစားစစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၅) နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည်မြန်မာ့တပ်မတော်စတင်ဖွဲ့စည်းခဲ့သည့် အချိန်ကတည်းက တပ်မတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ (၇၅) နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အခါသမယပင်ဖြစ်ကြောင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်စတင်တည်ထောင်ချိန်မှ ယနေ့ကာလအထိ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များအပေါ် **“ရွေ့လျားနိုင်ရန် (TO MOVE)၊ တိုက်ခိုက်နိုင်ရန် (TO FIGHT)၊ နေထိုင်နိုင်ရန် (TO LIVE)”** ဆိုသည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံး ကျေပွန်အောင် စွမ်းဆောင်ခဲ့ကြသည်ကို အသိအမှတ် ပြုကြောင်း။

စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် တပ်မတော်နှင့် နိုင်ငံတော်၏ စစ်ဦးစီးနှင့် စစ်ထောက်ဆိုင်ရာ ရည်မှန်းချက်တာဝန်များကို ပံ့ပိုးကူညီနိုင်စေရန် ဖွဲ့စည်းထားသည့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုဖြစ်ကြောင်း။

စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ သမိုင်းကြောင်းကို လေ့လာကြည့်ပါက ၁၉၃၇ ခုနှစ်တွင် အိန္ဒိယပြည် **Madras Sapper Miners** တပ်မှ ခွဲထွက်ပြီး **Burma Sapper Miners** တပ်အဖြစ် စတင်သန္ဓေတည် ပေါ်ပေါက်

လာသည်ကို တွေ့ရှိရကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည့် မြန်မာ့တပ်မတော်တွင်လည်း စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ်ပါဝင်ပြီး တိုက်ခိုက်ရေးတာဝန်များနှင့် စစ်မြေပြင်အင်ဂျင်နီယာလုပ်ငန်းတာဝန်များကိုထမ်းဆောင်ကာနိုင်ငံလွတ်လပ်ရေးအတွက် နယ်ချဲ့ကျူးကျော်သူများကို တိုက်ထုတ်ခဲ့သည်ကိုလည်း တွေ့ရကြောင်း။

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် KNDO သောင်းကျန်းသူများက မေမြို့ (ယခု ပြင်ဦးလွင်မြို့) ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြကြောင်း၊ အဆိုပါ အချိန်တွင် ပြင်ဦးလွင်မြို့တွင် ရှိနေသည့် လေ့ကျင့်ရေး အင်ဂျင်နီယာတပ်ရင်းမှ အရာရှိ၊ စစ်သည်များသည် ရနိုင်သမျှသောလူအင်အား၊ လက်နက်အင်အားနှင့် ခဲယမ်းမီးကျောက်များ စုစည်းပြီး ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသည့်အတွက် ပြင်ဦးလွင်မြို့ကို ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပြန်လည်သိမ်းပိုက်ရရှိခဲ့ကြောင်း၊ အဆိုပါ တိုက်ပွဲတွင် လေ့ကျင့်ရေးအင်ဂျင်နီယာတပ်ရင်းမှ တပ်ကြပ်လှမောင်၏ဇနီး မချစ်ပို၏ ရဲစွမ်းသတ္တိသည် သမိုင်းတွင် မော်ကွန်းရေးထိုးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မချစ်ပိုသည် စစ်သားဇနီးပီသစွာနှင့် အရေးကြုံလာချိန်တွင် အာဇာနည်သူရဲကောင်း စိတ်ဓာတ်နှင့် မိမိအသက်ကို မငဲ့ကွက်ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့သူတစ်ဦးပင်ဖြစ်ကြောင်း၊ မချစ်ပိုသည် သောင်းကျန်းသူများကိုတိုက်ခိုက်ရင်း ၁၉၄၉ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် သောင်းကျန်းသူများ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းခံခဲ့ရပြီး သူရဲကောင်းပီသစွာဖြင့် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရကြောင်း၊ ထိုသို့ မချစ်ပို၏ သူရဲကောင်းပီသမှုနှင့် ရဲစွမ်းသတ္တိပြည့်ဝမှုများကို ၁၉၅၀ ပြည့်နှစ်မှာနိုင်ငံတော်က သူရဘွဲ့ပေးအပ်ပြီး အသိအမှတ်ပြုချီးမြှင့်ခဲ့ခြင်းကြောင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ ဂုဏ်ကိုဆောင်နိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော သူရဘွဲ့ရ အမျိုးသမီးတစ်ဦးအဖြစ် ဂုဏ်ယူဖွယ် မော်ကွန်းတင်နိုင်ခဲ့ကြောင်း။

ထိုသို့ ထူးချွန်ပြောင်မြောက်စွာဖြင့် ရဲစွမ်းသတ္တိပြသနိုင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ကိုဂုဏ်ပြုသည့်အနေဖြင့် ပြင်ဦးလွင်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့် ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်ကို စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ထိုက်သည့် တာဝန်ထမ်းဆောင်နိုင်မှု၊ တိုင်းပြည်နှင့် လူမျိုးအပေါ်သစ္စာစောင့်သိမှု၊ တပ်ဖွဲ့၏ အစဉ်အလာကောင်းတစ်ခုအဖြစ် သာဓကတင်အောင် စွမ်းဆောင်နိုင်မှုတို့အတွက် တပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးတို့၏ စံနမူနာပြုဖြစ်စေရန် စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းသည် ယနေ့ဆိုပါက (၇၅) နှစ်ဆိုသည့် စိန်ရတုကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

**ရဲဝံ့စွန့်စားစွာ ပါဝင်တိုက်ပွဲဝင်ခဲ့ကြ**

ခေတ်အဆက်ဆက် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ စွမ်းဆောင်မှုများကို ကြည့်မည်ဆိုပါက လွတ်လပ်ရေးရပြီး ချိန်ကစပြီး ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး စစ်ဆင်ရေးများတွင် စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် စစ်မြေပြင်

> **မချစ်ပို၏ သူရဲကောင်းပီသမှုနှင့် ရဲစွမ်းသတ္တိပြည့်ဝမှုများကို ၁၉၅၀ ပြည့်နှစ်မှာ နိုင်ငံတော်က သူရဘွဲ့ပေးအပ်ပြီး အသိအမှတ်ပြု ချီးမြှင့်ခဲ့ခြင်းကြောင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ ဂုဏ်ကိုဆောင်နိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော သူရဘွဲ့ရ အမျိုးသမီးတစ်ဦးအဖြစ် ဂုဏ်ယူဖွယ် မော်ကွန်းတင်နိုင်ခဲ့၊ တာဝန်ထမ်းဆောင်နိုင်မှု၊ တိုင်းပြည်နှင့် လူမျိုးအပေါ်သစ္စာစောင့်သိမှု၊ တပ်ဖွဲ့၏ အစဉ်အလာကောင်းတစ်ခုအဖြစ် သာဓကတင်အောင် စွမ်းဆောင်နိုင်မှုတို့အတွက် တပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးတို့၏ စံနမူနာပြုဖြစ်စေရန် စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းသည် ယနေ့ဆိုပါက (၇၅) နှစ်ဆိုသည့် စိန်ရတုကာလကို ရောက်ရှိခဲ့။**

အင်ဂျင်နီယာ အကူပေးတာဝန်များအပြင် ခြေလျင်တပ်များနှင့်အတူ ရဲဝံ့စွန့်စားစွာ ပါဝင်တိုက်ပွဲဝင်ခဲ့ကြကြောင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်တည်ဆောက်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သကဲ့သို့ နယ်စပ်ဒေသများတွင်လည်း လမ်းဖောက်ခြင်း၊ တံတားများ တည်ဆောက်ခြင်းနှင့် တပ်မတော်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း စသည့် အင်ဂျင်နီယာပိုင်းဆိုင်ရာလုပ်ငန်းများကို ထမ်းဆောင်ခဲ့ကြကြောင်း။

စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် စစ်ကျန်မြေမြှုပ်မိုင်းများ ရှင်းလင်းရေးလုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေး (Humanitarian Demining) လုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးမိုင်းရှင်းလင်းရေးအဖွဲ့ (EOD Squad) များကိုစစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းများတွင် ဖွဲ့စည်းထားရှိပြီး မြို့တွင်းမိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် စစ်ကျန်မကွဲပုံးသီးများ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်မဆိုင်းဘဲ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာများ၊ အတတ်ပညာများ၊ စက်၊ ယာဉ်၊ ယန္တရားများနှင့် အင်တိုက်အားတိုက် ပါဝင်ကူညီစေလျက်ရှိကြောင်း။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီးစီးခဲ့ပြီး ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆစ် ရုပ်ပွားတော်ကြီးတစ်ဆူဖြစ်လာခဲ့သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် စစ်အင်ဂျင်နီယာတပ်ဖွဲ့က သယ်ယူပင့်ဆောင်ရေးအပိုင်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်နှင့် အုပ်ချုပ်မှုအဆောက်အအုံ စသည်များကို တာဝန်ယူပြီး ကုသိုလ်ပြု ပါဝင်တည်ဆောက်ခွင့်ရရှိခဲ့ခြင်းသည် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ သမိုင်းဝင်မှတ်တမ်းများပင်ဖြစ်ကြောင်း။

ထိုသို့စွမ်းစွမ်းတမံ ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဘွဲ့ထူးဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ များစွာရှိကြောင်း၊ တပ်ဖွဲ့နေ့အဖြစ် စတင်သတ်မှတ်ခဲ့သည့်နေ့မှ ယနေ့ စိန်ရတုကာလအထိ သူရ မချစ်ပိုအပါအဝင် **"သူရဘွဲ့"** ချီးမြှင့်ခံရသူ ငါးဦး၊ **"သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်"** ချီးမြှင့်ခံရသူ ၁၃၆ ဦး၊ **"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်"** ချီးမြှင့်ခံရသူ ၅၇ ဦး၊**"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်"** ချီးမြှင့်ခံရသူ ၁၀၃ ဦးနှင့် **"တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်"** ချီးမြှင့်ခံရသူ ၂၄ ဦး အထိ ရှိခဲ့ကြောင်း၊ ထို့ပြင် အင်ဂျင်နီယာပိုင်းဆိုင်ရာ တာဝန်များမှာ ထူးချွန်စွာ စီမံဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သည့် **"ဂုဏ်ထူးဆောင်ဘွဲ့"** ဖြစ်သည့် စည်သူဘွဲ့နှင့် ဇေယျကျော်ထင်ဘွဲ့ ချီးမြှင့်ခံရသူ တစ်ဦး၊ သီရိပျံချီဘွဲ့ ချီးမြှင့်ခံရသူ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ ချီးမြှင့်ခံရသူ ရှစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ ချီးမြှင့်ခံရသူ တစ်ဦး စုစုပေါင်း ၁၁ ဦး နှင့် **"စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်"** ဖြစ်သည့် စီမံထူးချွန်တံဆိပ် (ပထမ)ဆင့် ရှစ်ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယ)ဆင့် ၁၆ ဦး၊ စီမံထူးချွန်တံဆိပ် (တတိယ) ဆင့် ၂၃ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယ) ဆင့် တစ်ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယ) ဆင့် တစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယ) ဆင့် လေးဦး၊ နည်းပညာထူးချွန်တံဆိပ် (ဒုတိယ)ဆင့် သုံးဦး၊ နည်းပညာထူးချွန်တံဆိပ် (တတိယ)ဆင့် ခုနစ်ဦး၊ စုစုပေါင်း ၆၃ ဦးအထိ ထိုက်တန်စွာ ရရှိခဲ့ကြခြင်းကြောင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလကတည်းက တပ်မတော်၏ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ်ပါဝင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် ယနေ့ဆိုပါက နိုင်ငံတကာအဆင့်မီသည့် စစ်လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် စစ်အင်ဂျင်နီယာတပ်ဖွဲ့အတွင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊စစ်သည်များသည် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်

များအပေါ် ဦးလည်မသုန် ထမ်းရွက်နိုင်ခဲ့ကြသည်ကိုလည်း (၇၅) နှစ်တာခရီးမှာ အကြိမ်ကြိမ် သက်သေပြခဲ့ကြပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ အနေဖြင့်အဆိုပါအစဉ်အလာကောင်းများကိုလက်ဆင့်ကမ်း တာဝန်ယူထိန်းသိမ်းသွားကြပြီး အနာဂတ်မျိုးဆက်သစ် စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေအဖြစ် လက်ဆင့်ကမ်း ပေးအပ်သွားကြရမည်ဖြစ်ကြောင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များအနေဖြင့် ချမှတ်ထားသည့် ကြွေးကြော်သံများ၊ ဆောင်ပုဒ်များအတိုင်း ကျရာတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်သွားကြရန်လိုကြောင်း။

စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များသည် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အင်ဂျင်နီယာဆိုင်ရာ နည်းပညာများကို ကြိုးစားလေ့လာပြီး စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုဖြစ်အောင် ကြိုးစားတည်ဆောင်ကြရန် မှာကြားရင်း (၇၅) နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာ တပ်ဖွဲ့နေ့မှသည် နောင်လာမည့် ရတုများစွာတိုင်အောင် **“အင်ဂျင်နီယာစွမ်းရည်ထက် အောင်နိုင်တိုက်ပွဲဆက်”** ဆိုသည့်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်က အားကိုး အားထားပြုရသည့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများအား ဗီဒီယိုကွန်ဖရင့်ဖြင့် ပြောကြားသည့် အမှာစကား

( ၂၇ - ၂ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ဗီဒီယိုကွန်ဖရင့်ဖြင့် အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် တက်ရောက်ရန်အတွက် သင်တန်းသားများ ရွေးချယ်ရာတွင် ယခင်က တပ်မတော်အရာရှိကြီးများကိုသာ ရွေးချယ်ခဲ့သော်လည်း ယခုအချိန်တွင် အရပ်ဘက် နိုင်ငံ့ဝန်ထမ်း အရာရှိကြီးများကိုလည်း တက်ရောက်စေခဲ့ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့်ကာကွယ်ရေးစသည့် အမြင်လေးမြင်ဖြင့် ပြည့်စုံစွာထည့်သွင်းစဉ်းစား တွက်ချက်ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံတော်အတွက် လိုအပ်ချက်များ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများသည် တာဝန်ထမ်းဆောင်ရာတွင် အထက်ပါအမြင်လေးမြင်ဖြင့် စဉ်းစားဆောင်ရွက်တတ်ရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ဖတ်ရှုလေ့လာခြင်းတို့ကို တစ်နှစ်တာကာလအတွင်း ဆွေးနွေးလေ့ကျင့်ပေးခြင်းဖြစ်သဖြင့် တန်ဖိုးရှိသည့် သင်တန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့် အရာရှိကြီးများဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့တွေ့ရှိချက်များကို မိမိဘဝအတွက်၊ နိုင်ငံ့အတွက် အထောက်အကူရအောင် အလေးအနက်ထား၍ ဆောင်ရွက်ကြရန်လိုကြောင်း။

**နိုင်ငံ့အကျိုးအတွက်ဆောင်ရွက်**

နိုင်ငံရေးအပိုင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏

သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲသည့် ရေမြေပိုင်နက် နယ်နိမိတ်နှင့် ခိုင်မာသည့်သမိုင်းကြောင်းရှိသည့်နိုင်ငံ ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ခေတ်အလိုက်တိုးတက်မှုများရှိခဲ့သော်လည်း ခေတ်ပြိုင်နိုင်ငံများဖြစ်သည့် အခြားနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံအချို့တို့၏ နောက်တွင် တဖြည်းဖြည်းကျန်ခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အတွက်အချက်ပညာရပ်နှင့် စက်မှုပညာရပ်တို့တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မှုမရှိခဲ့ဘဲ နောက်တွင် ကျန်နေခဲ့ကြောင်း၊ ယင်းအချက်အလက်များကို အခြေခံ၍ သင်ခန်းစာဖော်ထုတ်ကာ နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ကြရန် လိုကြောင်း ဦးစွာပြောကြားသည်။

ထို့နောက် ကိုလိုနီနယ်ချဲ့နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ၏ သယံဇာတရင်းမြစ်များကို ရယူလိုမှုဖြင့် နယ်ချဲ့ခဲ့မှုနှင့် လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှုအခြေအနေများ၊ ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှုနှင့် နိုင်ငံရေးအရ အယူဝါဒ ကွဲပြားမှုများကြောင့် ဖြစ်ပေါ်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ၊ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလများ၌ လက်နက်ကိုင်ပဋိပက္ခများနှင့် စီးပွားရေးအယူဝါဒကွဲပြားခဲ့မှု အခြေအနေများ၊ ဆိုရှယ်လစ်စနစ်၌ စီမံခန့်ခွဲမှု အားနည်းချက်တို့ကြောင့် စီးပွားရေး ကျဆင်းခဲ့ကာ အရေးအခင်းများဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ အခြေအနေ ယိမ်းယိုင်လာခဲ့ကာ အချုပ်အခြာအာဏာ ပြိုကွဲမည့်အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏ လုပ်ငန်းများရပ်တန့်ခဲ့ရသောကြောင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်း တာဝန်ယူဆောင်ရွက်ခဲ့ရသည့် အခြေအနေများ၊ နောက်ပိုင်းတွင် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံ ဒီမိုကရေစီစနစ် သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များပါဝင်သော အမျိုးသားညီလာခံ၌ အချေအတင်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ချိန်၌ ဥပဒေနှင့်အညီဖြေရှင်းမှုများ ဆောင်ရွက်ပေးခဲ့ခြင်းမရှိခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်၊ အမျိုးသားရေးရည်မှန်းချက် ၂ ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များနှင့် ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်အတွက် အဓိကကျသည့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားများ ကောင်းမွန်စေရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

## ( ၇ - ၂ - ၂၀၂၄ )

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ယနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခါသမယမှစ၍ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသား မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် အေးချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက်ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီးတိုင်းရင်းသား မျိုးနွယ်စု အများဆုံးနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ ရှမ်းမျိုးနွယ်စုများဖြစ်သော ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ ဝ၊ ခနော၊ ကိုးကန့်၊ လားဟူ၊ အာခါ၊ အင်းသား စသည့် ရှမ်းတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကယား၊ လီဆူး စသည့်တိုင်းရင်းသားများစွာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ဖြင့် ကာလရှည်ကြာ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ စုပေါင်းနေထိုင်လျက်ရှိသော တောတောင် ရေမြေသဘာဝအလှအပများနှင့် ပြည့်စုံသည့် ပြည်နယ် ဖြစ်ပါသည်။

သဘာဝရာသီဥတု သင့်တင့်မျှတပြီး ခရီးသွား တောင်ပေါ်အပန်းဖြေမြို့များ တည်ရှိလျက်ရှိသောသာယာ လှပသည့် ပြည်နယ်ကြီးလည်း ဖြစ်ပါသည်။ ထို့အပြင် ကျောက်ခေတ်ယဉ်ကျေးမှုများဖြစ်သည့် ပြဒါးလင်းဂူ၊ လွယ်ဝန်းဂူနှင့် ထုံးကျောက်ဂူများ အများအပြားနှင့် သဘာဝအင်းအိုင်များ၊ သမိုင်းရှည်ကြာသော မြို့ပြ ယဉ်ကျေးမှုထွန်းကားခြင်းနှင့်အတူ တိုင်းရင်းသား မျိုးနွယ်စုများ၏ ယဉ်ကျေးမှု ဓလေ့စရိုက်များ စုံလင်စွာနှင့် သဘာဝ သယံဇာတများ ပေါကြွယ်ဝလျက် အဘက်ဘက်မှ သာယာပြည့်စုံသည့် ပြည်နယ်ဖြစ်ပါသည်။

ရှမ်းပြည်နယ်နေ့ ပေါ်ပေါက်လာခဲ့ခြင်းမှာ နိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကို ဖော်ပြခဲ့သည့် သမိုင်းနှင့် ဆက်စပ်လျက်ရှိ ပါသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား မဖြစ်မနေ လွတ်လပ်ရေးပေးရလျှင်သော်မှ တောင်တန်းဒေသများကို ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန် ကြိုးစားခဲ့ကြ သည်။

ဗြိတိသျှတို့သည် ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လန်ဒန်သို့ ဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ အနာဂတ်အရေးကို ဆွေးနွေး ခဲ့ရာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်အခါတွင် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသအားလုံးကိုပါ တစ်ပြိုင်တည်း လွတ်လပ်ရေးပေးရန် ဗိုလ်ချုပ်အောင်ဆန်း က တောင်းဆိုခဲ့ပါသည်။ ရှမ်းပြည်ပဒေသရာဇ်ကောင်စီ၏ အမှုဆောင်ကောင်စီက ဗိုလ်ချုပ်အောင်ဆန်းသည် စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း ကန့်ကွက် ခဲ့သော်လည်း ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ ခေါင်းဆောင်များကလည်း တောင်ကြီးမြို့၌ လူထု အစည်းအဝေးကြီးကျင်းပကာ ဆုံးဖြတ်ချက်များချပြီး ဗိုလ်ချုပ်အောင်ဆန်းသာလျှင် တောင်တန်းသားများအတွက် ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကို အပြည့်အဝထောက်ခံကြောင်း ပြန်လည်ကြေးနန်းပေးပို့ လိုက်မှသာလျှင် သဘောတူစာချုပ် (အောင်ဆန်း-အက်တလီ စာချုပ်)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့ အထိ ကောင်စီအမှုဆောင် အဖွဲ့ဝင်စော်ဘွားများနှင့် ရှမ်းပြည် လူထုကိုယ်စားလှယ်များပါဝင်သည့် ဆွေးနွေးပွဲကို စတင် ကျင်းပခဲ့ပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များက ဆပ်ကော်မတီဖွဲ့စည်းကာ

ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် ဆွေးနွေးဆုံးဖြတ်ချက်များကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ ရှမ်းပြည်နယ်အတွင်းရှိ ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များသည် ပြည်မနှင့်အတူ ပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့် သဘောတူ ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ချမှတ်နိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် ကျင်းပပြုလုပ်လာခဲ့သည်မှာ (၇၇) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်နေ့သည် သမိုင်းဝင်ပြည်ထောင်စုနေ့၏ အခြေခံ၊ ပင်လုံစာချုပ်၏ ပဋိညာဉ်များကို ချမှတ်နိုင်ခဲ့သည့် တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သော၊ ထူးခြားလေးနက်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိတ်က တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များကို သင်ခန်းစာယူပြီး လမ်းကြောင်းမှန်ပေါ်တွင် တက်ညီလက်ညီ လျှောက်လှမ်းရတော့မည့် အချိန်အခါရောက်နေပြီဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မတူကွဲပြားသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် နှစ်ကာလကြာရှည်စွာ ကမ္ဘာ့အလယ်တွင် တည်တည်ငြိမ်ငြိမ်၊ သိက္ခာရှိရှိနေထိုင်လာခဲ့ကြပါသည်။ သို့သော်လည်း မတရားကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး တစ်နိုင်ငံလုံး ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ကာ နှစ်ပေါင်း (၁၀၀) ကျော် ကုပ်သွေးစုပ်အမြတ်ထုတ်ခံရခြင်းနှင့်အတူ သွေးခွဲအုပ်ချုပ်မှုကို ခံခဲ့ကြရပါသည်။

လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း (၇၀) ကျော်ကြာခဲ့ပြီဖြစ်သော်လည်း နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့သည့် အမွေဆိုးကို ယခုထိခံစားနေရဆဲဖြစ်ပါသည်။ ကိုလိုနီလက်အောက်တွင် ဖိနှိပ်အုပ်ချုပ်မှုကို ရှမ်းတိုင်းရင်းသားများအပါအဝင် နိုင်ငံနှင့်အဝှမ်း တိုင်းရင်းသားပြည်သူအားလုံးက မျိုးချစ်စိတ်ဓာတ်ဖြင့် အသက်သွေးချွေးများစွာ ပေးဆပ်တိုက်ပွဲဝင်ပြီး လွတ်လပ်ရေးကို ရယူနိုင်ခဲ့သော်လည်း သွေးခွဲအုပ်ချုပ်သည့် အမွေဆိုးကြောင့် ပြည်ထောင်စုအတွင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြိုကွဲကာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ယနေ့အထိ ဖြစ်ပွားလျက်ရှိသည်မှာ သတိထားသင့်သည့်အချက်ဖြစ်ပါသည်။

အထူးသဖြင့် ရှမ်းပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင် ပဋိပက္ခများဖော်ဆောင်နေခြင်း၊ တိုက်ပွဲများဖြစ်နေခြင်း၊ ဆူပူအကြမ်းဖက်ဖျက်ဆီးနှောင့်ယှက်တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဒုက္ခများစွာခံစားနေကြရပါသည်။ ထို့အပြင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါ ပျက်ပြားလာသည့်အပြင် နိုင်ငံအတွက်ပါ အန္တရာယ်ရှိလာနိုင်သည်ကို အားလုံးက သိရှိလက်ခံကာ စဉ်းစားသုံးသပ်ကြရန်လိုပြီဖြစ်ပါသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့အကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်နေရုံသာမက ဒေသတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်ခြင်း၊ စေတီပုထိုးများအပါအဝင် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ အဆောက်အဦ စသည်တို့ကိုပါ ဖျက်ဆီးခြင်းမှာ လွန်စွာအကျည်းတန် အရုပ်ဆိုးပြီး ဒေသခံပြည်သူများ ဆင်းရဲဒုက္ခများစွာ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ထို့ကြောင့် သက်ဆိုင်သူအားလုံးနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးဖြစ်ထွန်းလာအောင် အလေးအနက်ထား စဉ်းစားဆောင်ရွက်သင့်သည့် အချိန်ကာလဖြစ်ကြောင်းနှင့် နောက်ကျလျှင် နောက်ကျသလောက် အကျိုးယုတ်နိုင်ပြီး နိုင်ငံအတွက် အန္တရာယ်ရှိသည်ကို သတိပြုကြရမည်ဖြစ်ကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အလေးထား ကြိုးပမ်းလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးတို့သည် အချင်းချင်း သွေးမကွဲကြဘဲ ပြည်ထောင်စု

စိတ်ဓာတ်ဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်ခွင့်လွှတ်မှု ရိုင်းပင်းကူညီမှုတို့ဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးကိုဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စု စိတ်ဓာတ်မွေးမြူကြရေးပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်။

မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒအမှန်မှာ အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးပင် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူအားလုံး အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်လျက်ရှိပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိပါသည်။ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုအားကောင်းလာရန်လိုအပ်သဖြင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများအနေဖြင့်လည်း MSME လုပ်ငန်းများ အောင်မြင်ရေးကို အလေးထားဆောင်ရွက်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**တိုင်းရင်းသားမိဘပြည်သူများ ခင်ဗျား–**

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာနှင့် စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်များ ပြည့်စုံရန်လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူနိုင်ရေး၊ အနည်းဆုံး အလယ်တန်းအဆင့် (KG+9) ပြီးမြောက်သည်အထိ သင်ယူနိုင်ရေး၊ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးစသည့် အသက်မွေးဝမ်းကျောင်းပညာများကို အထက်တန်းအဆင့်တွင် သင်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

အထူးသဖြင့် ကျေးလက်ဒေသများ၊ နယ်စပ်ဒေသများအပါအဝင် တိုင်းရင်းသားဒေသများတွင် ပညာသင်ယူနိုင်မှုအခွင့်အလမ်းနည်းပါးနေကြောင်းတွေ့ရပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံး ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိပါသည်။ လူငယ်များကို အသိပညာ၊ အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ရှိလာစေပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့်စွမ်းဆောင်ရည်မြင့်မားသော အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်မှာ အရေးကြီးသော အချက်ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များအား အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံအတွင်းဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ၊ တိုက်ခိုက်ဖျက်ဆီးမှုများအားလုံးသည် နိုင်ငံပြိုကွဲပျက်စီးရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး အတိဒုက္ခရောက်ရေးကိုသာ ဦးတည်နေသဖြင့် သက်ဆိုင်သူအားလုံးက မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံနှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးကြပါရန်၊ နိုင်ငံ၏ အနာဂတ်ဖြစ်သော လူငယ်မျိုးဆက်သစ်များကိုတန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြပါရန်နှင့် ရှမ်းပြည်နယ်တစ်ခုလုံး အေးချမ်းသာယာ၍ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားပါစေကြောင်း ဆန္ဒပြုတိုက်တွန်းလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

■ ■ ■

# ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

( ၁၂ - ၂ - ၂၀၂၄ )

**ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား–**

ယနေ့ကျရောက်သော(၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ အခါသမယတွင် နိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွနေထိုင်ကြသောပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်းညီအစ်ကို မောင်နှမများအားလုံး ကျန်းမာ ချမ်းသာပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါ စေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သ အပ်ပါသည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ့်မင်းကိုယ့်ချင်း နေထိုင်လာခဲ့ကြရာမှ ကုန်းဘောင်ခေတ်ကာလတွင် အင်္ဂလိပ်နယ်ချဲ့တို့က ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံတော်ကို သိမ်းပိုက်ခဲ့ရာ ထီးကျိုးစည်ပေါက် ထီးနန်းပျောက်ကာ သူ့ကျွန်ဘဝရောက်ခဲ့ရပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ သွေးခွဲအုပ်ချုပ်ရေးမူအရ လူမျိုးစုများကို အုပ်ချုပ်ရေးစနစ်အမျိုးမျိုး ကျင့်သုံးကာ အခွင့်အရေးမတူညီစေခဲ့ခြင်းကြောင့် လူမျိုးရေးသွေးကွဲ ခြင်းကိုဖြစ်စေခဲ့ပါသည်။ တိုင်းရင်းသားတို့သည် ခိုင်မာသော ပြည်ထောင်စုစိတ်၊ မျိုးချစ်စိတ်ဖြင့် လွတ်လပ်ရေးအတွက် လက်နက်ဆွဲကိုင်မှုအပါအဝင် နည်းမျိုးစုံဖြင့် တိုက်ပွဲဝင် ခဲ့ကြရာ အင်္ဂလိပ်နယ်ချဲ့တို့က လွတ်လပ်ရေးမပေး၍ မရ သည့် အခြေအနေတွင် တောင်တန်းနှင့်ပြည်မကို ခွဲခြား၍ လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့ကြပါသည်။

တောင်တန်းနှင့်ပြည်မ သာတူညီမျှ တလုံးတစည်း တည်းဖြင့် လွတ်လပ်ရေးကို အရယူမည်ဟူသော သန္နိဋ္ဌာန် ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ရှမ်းပြည်နယ် ပင်လုံမြို့တွင် သမိုင်းဝင်ပင်လုံစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့ ပြည်ထောင်စု စိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၇)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

“စည်းလုံးခြင်းသည်အင်အား၊ ပြည်ထောင်စု၏ စွမ်းပကား”ဟူသော ဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသား အားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရယူခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေ ရန် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ဆက်လက် ကာကွယ် စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိ ဩဇာခံအဖြစ် ထားရှိလိုမှုများကြောင့် နောက်ကွယ်မှ ဘက်စုံ စစ်ပွဲအသွင်ဖော်ဆောင်ကာ လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စုကြီး အစွန့်ရှည်ကြာ ထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး က ပြည်ထောင်စုစိတ်ဓာတ် အရင်းခံလျက် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန်အလေးအနက်တိုက်တွန်း အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူ အပေါင်းတို့ခင်ဗျား–**

မြန်မာ့နိုင်ငံရေး အခင်းအကျင်းကို ပြန်လည်လေ့လာ ကြည့်ပါက မျိုးချစ်စိတ်ကိုအရင်းခံပြီး လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ခဲ့သော မြန်မာ့တပ်မတော် သည် ရရှိထားသည့်လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီ ပြည်ထောင်စုကြီးကို တိုင်းရင်းသားပြည်သူ များနှင့်အတူ လက်တွဲတည်ဆောက်လျက်ရှိပါသည်။

လွတ်လပ်ရေးရရှိပြီး မျှားမကြာမီတွင် ပြည်တွင်း ရောင်စုံသူပုန် သောင်းကျန်းမှု အရှိန်အဟုန်မြင့်တက်ခဲ့

သည့်အတွက် ရန်ကုန်အစိုးရဟုပင် ခေါ်ဆိုခြင်းခံခဲ့ရသည့် အချိန်တွင်အင်အားနှစ်သောင်းခန့်သာရှိခဲ့သောတပ်မတော်သည်ပြည်သူလူထု၏အားပေးမှုပူးပေါင်းပါဝင်မှုတို့ကြောင့် ရက်ပေါင်း ၁၂ ရက်ကြာ အင်းစိန်တိုက်ပွဲကို အောင်မြင်စွာ ဆင်နွှဲခဲ့ပြီး ရောင်စုံသောင်းကျန်းမှုများကို အဆင့်ဆင့် နှိမ်နင်းချေမှုန်းကာ ပြည်ထောင်စုကြီးမပြိုကွဲရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ရပါသည်။

လက်ရှိကာလတွင် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့နှင့် ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားများသည် မိမိတို့ နိုင်ငံအကျိုးကို မလိုလားသော ပြည်ပအင်အားကြီးနိုင်ငံအချို့၏ သွေးထိုးမြှောက်ပင့် အားပေးမှုတို့ဖြင့် ဆူပူအကြမ်းဖက်မှုမျိုးစုံနှင့် တိုက်ပွဲများ ဖော်ဆောင်လျက်ရှိနေကြပါသည်။ ထိုကဲ့သို့ မတည်ငြိမ်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရကြခြင်းအပြင် နိုင်ငံ့အရင်းအမြစ်များ များစွာဆုံးရှုံးနစ်နာပြီး ဒေသခံတိုင်းရင်းသားပြည်သူများမှာ ဆင်းရဲဒုက္ခများစွာ ခံစားနေကြရပါသည်။ ရေရှည်တွင် နိုင်ငံတော်အတွက် အဘက်ဘက်မှ အန္တရာယ်ကြီးမားလှသည်ကို အားလုံးက သတိတရားဖြင့် ထိန်းသိမ်းကာကွယ်ကြရန် အလွန်အရေးကြီးနေပြီဖြစ်ကြောင်း အသိပေးမှာကြားလိုပါသည်။

ပြည်ထောင်စုအကျိုး အမြဲရှေးရှုသော တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားကာ ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်းပြည်ထောင်စုတစ်ဝန်းလုံးရှိတိုင်းရင်းသားအားလုံး၏ အားပေးထောက်ခံမှုနှင့် တပ်မတော်နှင့် ပြည်သူတစ်သားတည်း ရပ်တည်မှုတို့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှု တစ်ရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ခင်လေးစားရသော ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား-**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားရေး စွမ်းပကား မြင့်မားရေးကို ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။ ပြည်သူလူထုတစ်ရပ်လုံးကို အချိန်တိုအတွင်း ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းစေနိုင်သည့် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသော သဘာဝထွက်ကုန်များဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေး ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ လုပ်ငန်းသစ်များ အစပျိုးရာတွင် တွေ့ကြုံရမည့် အခက်အခဲများ လျှော့ချပေးခြင်း၊ ရင်းနှီးမတည်ငွေစီးဆင်းမှု လွယ်ကူချောမွေ့စေခြင်း၊ အသိပညာပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ နည်းပညာမျှဝေခြင်း၊ စွန့်ဦးတီထွင်မှုလုပ်ငန်းများ အားကောင်းစေခြင်း၊ သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်း အစရှိသည်တို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး အကျုံးဝင်သော စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး နေရာလပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

လူသားတိုင်း အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စား၊ ဝတ်၊ နေရေးသည် အခြေခံလိုအပ်ချက်ဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက်(၂)ရပ်အဖြစ် ချမှတ်ထားပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမြေဧရိယာ ကျယ်ပြန့်ခြင်း၊ လူဦးရေ သင့်တင့်မျှတခြင်း၊ ရာသီဥတုသမမျှတခြင်းတို့ ပြည့်စုံသည့်အတွက် အခြေခံအားဖြင့် စားရေရိက္ခာ ဖူလုံသည်ဟု ဆိုနိုင်သည်ဖြစ်၍ အာဟာရပြည့်ဝသည့် အမယ်စုံလင်သော စားရေရိက္ခာနှင့် စိုက်ပျိုး၊ မွေးမြူရေး ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်သွားခြင်းအားဖြင့် တိုင်းပြည်သာယာဝပြောတိုးတက်လာစေမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်စေရေးအတွက် နိုင်ငံသားတိုင်း ပညာတတ်မြောက်ပြီး နိုင်ငံတော်၏ နယ်ပယ်အသီးသီးတွင် ကျရာကဏ္ဍမှ တာဝန်ထမ်းဆောင်နိုင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် အနည်းဆုံး KG+9 အလယ်တန်းအဆင့် ပြီးမြောက်ရေးကို မူဝါဒချမှတ် အကောင်အထည်ဖော်လျက်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်၍ နိုင်ငံတော်၏ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အထောက်အပံ့ကောင်းများကို ဖန်တီးပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးတွင် ကာလ၊ ဒေသနှင့် ကိုက်ညီသော သီးထပ်၊ သီးညှပ်များကို စိုက်ပျိုးထုတ်လုပ်ကြသကဲ့သို့ နိုင်ငံသားတိုင်း အကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများကိုလည်း အရှိန်တိုးမြှင့်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ် အောင်မြင်ဖြစ်ထွန်းလာစေရန် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါသည်။

ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တွင် တိုင်းရင်းသား အဖွဲ့အချို့က တောင်းဆိုနေသော အချက်များအားလုံးပါဝင်ပြီး ဖြစ်ပါသည်။ ဒို့တာဝန် အရေး(၃)ပါးကို အမျိုးသားရေးလုပ်ငန်းစဉ် သုံးရပ်အဖြစ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို ခိုင်ခိုင်မာမာ တည်ဆောက်ထားခြင်းဖြစ်သဖြင့် အထိခိုက်ခံမည်မဟုတ်ကြောင်း ဖော်ပြလိုပါသည်။ နိုင်ငံတော်အတွင်း ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို သက်ဆိုင်ရာ ဒေသနှင့် ဒေသခံများကသာ ခံစားရမည်ဖြစ်သောကြောင့် မိမိတို့ဒေသအကျိုး၊ တိုင်းပြည်အကျိုးကိုကြည့်၍ နိုင်ငံရေး နည်းလမ်းအရဖြေရှင်းကြကာ မိမိတို့ မျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား–**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည် တည်တံ့နေစေရေးအတွက် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုဖွား သွေးချင်းများအားလုံး ဥမကွဲသိုက်မပျက် ခိုင်မြဲစွာလက်တွဲလျက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါရန် လေးလေးနက်နက် တိုက်တွန်းနှိုးဆော်လျက် (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

■ ■ ■

# (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၂၀ - ၂ - ၂၀၂၄ )

**ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့ကျရောက်သည့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့သည် (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့ ဖြစ်ပါသည်။ ချင်းတိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ် အခါသမယတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ ရောက်ရှိနေကြသော ချင်းတိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် တစ်မြေတည်းနေ၊ တစ်ရေ တည်းသောက် မိသားစုပမာ စည်းလုံးညီညွတ်စွာ ယှဉ်တွဲ နေထိုင်လာခဲ့ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် သိက္ခာရှိရှိ ခံ့ညားထည်ဝါစွာရပ်တည် နိုင်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မတတ်သာ၍ ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေးကိုလည်း ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ပြန်လည်ရယူနိုင်ခဲ့ပါသည်။

ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က ခုခံတော်လှန်ခဲ့ကြသည့် ချင်းတိုင်းရင်းသား ခေါင်းဆောင်များဖြစ်သော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့သည် လည်းကောင်း၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ကြိုးပမ်းခဲ့စဉ်က ဦးလျှံရှုံမှုန်၊ ဦးထောင်ဇာခုပ်၊ သီရိပျံချီဦးထောင်ကျင်းထန်၊ ဦးကီးယိုမန်း၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်) သတိုးမဟာ စည်သူဦးဝမ္မသူးမောင်တို့သည်လည်းကောင်း၊လွတ်လပ်ရေး ရပြီးခါစ ပြည်တွင်းဆူပူသောင်းကျန်းမှုများကို ချေမှုန်း တိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီး ဟရန်ထီးယို၊ ဗိုလ်ကြီးသူရအောင်ဆန်း သူရိယတိုက်ချွန်းတို့သည် လည်းကောင်း နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့် တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများပင် ဖြစ်ခဲ့ကြ ပါသည်။

ချင်းအမျိုးသားနေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည့် ဖေဖော်ဝါရီလ ၂၀ ရက်နေ့သည် နယ်ချဲ့တော်လှန်ရေး ချင်းတိုင်းရင်းသား ခေါင်းဆောင်များနှင့် ချင်းတိုင်းရင်းသား ပြည်သူများက ကန်ပက်လက်မြို့၌ အင်္ဂလိပ်ကိုလိုနီ အုပ်ချုပ်ရေးအကြီးအကဲများကို ဆန့်ကျင်မောင်းထုတ် ခဲ့သည့် သမိုင်းဝင်နေ့ရက်တစ်ရက်ပင်ဖြစ်ပါသည်။ ထို့ပြင် ၁၉၄၈ ခုနှစ်၊ ဖလမ်းမြို့လူထုအစည်းအဝေးပွဲမှ ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းကာ ဒေသန္တရဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သော နေ့မှာလည်း ဖေဖော်ဝါရီလ ၂၀ ရက်နေ့ပင်ဖြစ်ပါသည်။

ချင်းအမျိုးသားနေ့သည် ချင်းတိုင်းရင်းသားများက ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ နှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများနှင့် ပဒေသရာဇ်စနစ် ဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊ တိုက်သူကြီး အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဖော် ဆောင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ချင်းပြည်နယ်နေရာဒေသ အချို့အပါအဝင် နိုင်ငံ၏ နေရာဒေသအနှံ့အပြား၌ ဆူပူ အကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန် မှုများနှင့် နိုင်ငံကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ် များစွာရှိနေခြင်းမှာ နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးမား

လုပ်ပါသည်။ စည်းလုံးညီညွတ်မှုပြိုကွဲပြီး လွဲမှားသည့် အယူအဆ၊ ကိုယ်ကျိုးအတ္တများဖြင့် လက်နက်စွဲကိုင်ကာ အချင်းချင်း အပြန်အလှန်တိုက်ခိုက်နေကြရင်း လဲပြိုသွားပြီး အချုပ်အခြာအာဏာ ဆုံးရှုံးရသည့် ဘဝသို့ ရောက်သွားနိုင်သည်ကို သတိပြုကြရန်လိုပါသည်။ ထိုအဖြစ်မျိုး မရောက်စေရန်အတွက် တစ်ခုတည်းသော လိုအပ်ချက်မှာ ပြည်ထောင်စု စိတ်ဓာတ်ပင်ဖြစ်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား ရာစုနှစ်ပေါင်းများစွာ ဖြစ်တည်ခဲ့ပြီးဖြစ်သည့် သံယောဇဉ်တရားနှင့် ချစ်ခင်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်းပြည်ပ အဖျက်အင်အားစုတို့၏ အချင်းချင်း မုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးနေခြင်း၊ ကျဉ်းမြောင်းသည့် လူမျိုးရေးအယူဝါဒ သွတ်သွင်းပေးနေခြင်းတို့ကို သတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။ အပြုနှင့်အဖျက်တို့မှ ဖြစ်ပေါ်လာသည့် အကျိုးနှင့်အပြစ်၊ အဆိုးနှင့်အကောင်းတို့ကို ဆင်ခြင်သုံးသပ်ပြီး အမှန်နှင့် အမှားကို ခွဲခြားရှုမြင်ကြရန်လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဟူသော နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး ဟူသော အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဦးတည်ချက်(၉)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်မှာ အရေးပေါ်ကာလ ဆောင်ရွက်ရန်ရှိသည်များ ပြီးစီးပါက ပြည်သူ့ဆန္ဒနှင့်အညီ လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲပြောင်း ပေးအပ်ရန်ပင်ဖြစ်ပါသည်။ ထိုသို့ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအလိုက် အဓိကလိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် မူလအခြေအနေသို့ပြန်လည်ရောက်ရှိရေးပင်ဖြစ်ပါသည်။

နိုင်ငံတည်ငြိမ်အေးချမ်းလျှင် တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာစွာဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး မိမိတို့၏သားသမီးများသည်လည်း အေးချမ်းစွာ ပညာသင်ကြားနိုင်ကြမည်ဖြစ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် တိုင်းရင်းသား ပြည်သူအားလုံး အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စဉ်းစားတွေးခေါ်မှု စွမ်းရည်များ ပြည့်စုံရန်လိုအပ်ပါသည်။

သို့သော်လည်း တိုင်းရင်းသားဒေသများ၊ မြို့ပြနှင့် အလှမ်းဝေးသော ကျေးလက်ဒေသများတွင် ဘာသာစကား အခက်အခဲများ၊ ပညာရေးအားပေးမှု အားနည်းချက်နှင့် အခြားသော စိန်ခေါ်မှုများကြောင့် ပညာရည်နိမ့်ကျမှုများ၊ ပညာမသင်ယူနိုင်မှုများရှိနေသည်ကို တွေ့ရပါသည်။ ယခုအခါ ချင်းပြည်နယ်အပါအဝင်ဒေသအချို့တွင်လက်နက်ကိုင် အကြမ်းဖက်မှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများ၊ ခြိမ်းခြောက်မှုများကြောင့် ကျောင်းများဖွင့်လှစ်နိုင်ခြင်းမရှိသဖြင့် ဒေသခံ တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများ များစွာနစ်နာဆုံးရှုံးလျက်ရှိပါသည်။

တိုင်းပြည်အနာဂတ်အတွက် ပညာရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ယခုကဲ့သို့ အဖျက်အမှောင့် နှောင့်ယှက်ဖျက်ဆီးမှုများဖြင့် ပညာရေးကို ဟန့်တားပြီး နိမ့်ကျအောင် လုပ်ဆောင်နေသည်များကို အားလုံးက ဝိုင်းဝန်းဆန့်ကျင် တားဆီးကြရမည်ဖြစ်ပါသည်။ အနာဂတ်လူငယ်များ ပညာရည်မြင့်မားရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းနိုင်ရေးနှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေးအတွက် ဗဟုသုတနှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် နိုင်ငံတော်က ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသလို တိုင်းရင်းသားပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုကဏ္ဍအလိုက်အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အခြေခံကျောင်းများကို တိုးချဲ့ဖွင့်လှစ်

ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်း၊ စက်မှုသက်မွေးပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဘာသာရပ်သင် ဆရာ၊ ဆရာမများ ပိုမိုခန့်ထားပေးလျက်ရှိပြီး တိုင်းရင်းသားဒေသများတွင် သင်ကြားရေးလက်ထောက်ဆရာ၊ ဆရာမများနှင့် တိုင်းရင်းသား ဘာသာစကားသင်ကြားရေး ဆရာ၊ ဆရာမများကိုလည်း ခန့်ထားပေးလျက်ရှိပါသည်။ KG+9 အထိ မသင်မနေရ ဘက်စုံပညာရေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်အတွင်း အခြေခံပညာတတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားတိုးတက်လာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ချင်းပြည်နယ်သည် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာမည် ဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန် လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ပြည်မနှင့်လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သော အဝေးပြေးလမ်းများနှင့် ပြည်နယ်တွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ ဆိပ်ကမ်း တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ချင်းပြည်နယ်ရှိ ပြည်သူများ မျှော်လင့်တောင့်တနေသော မဟာဓာတ်အားလိုင်းမှ ချင်းပြည်နယ်အနှံ့ လျှပ်စစ်မီးရရှိရေးကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် မိမိတို့ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထွက်ကုန်များနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စနစ်တကျ ထိရောက်အောင် အကောင်အထည်ဖော်ကြရန် လိုအပ်ပါသည်။

၂၀၂၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ချင်းပြည်နယ်အတွင်းရှိ အချို့မြို့နယ်များတွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မုန်တိုင်းဖြတ်သန်းရာ ဒေသများ၌ ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် ကြိုတင်စီမံဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ဒေသခံပြည်သူများအတွက် စားရေရိက္ခာများ ကြိုတင်စုဆောင်းထားပြီး မုန်တိုင်းဝင်ရောက်နိုင်သည့် ခန့်မှန်းနေရာများအလိုက် သတိပေးခြင်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကြောင့် မုန်တိုင်းအင်အား ကြီးမားသော်လည်း ထိခိုက်ဆုံးရှုံးမှုနည်းပါးခဲ့ပါသည်။

မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တပ်မတော်နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ အနီးကပ်ကြီးကြပ်မှုပြည်တွင်းပြည်ပနိုင်ငံများမှ စေတနာရှင်များ၏ လှူဒါန်းမှု၊ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာနှစ်လအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ မိမိတို့ရည်မှန်းထားသည့်အတိုင်း ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်သို့ ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရက ချင်းပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းသင့်ဒေသများတွင် ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၁၀၀၂ ဒသမ ၀၂ သန်း ထောက်ပံ့ပေးခဲ့ပါသည်။ ဤသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားပြည်သူများအပေါ် တိုင်းရင်းသား ညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပြသနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ပြင် ဒေသဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည်နယ်တွင် တီးတိန်ခရိုင်နှင့် ပလက်ဝခရိုင်တို့ကိုလည်း တိုးချဲ့ဖွဲ့စည်းပေးခဲ့ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် တည်ငြိမ်အေးချမ်းမှုကိုဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင်

တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့် အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

ချင်းတိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ချင်းပြည်နယ်၏ အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာပျော်ရွှင် ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-14-7